http://www.dhammadownload.com



| | |
|---|---|
| ဝိဿုတော | ဝိ+သုတော |
| ဗဟုဿုတော | ဗဟု+သုတော |
| အဿဝါ | အာ+သဝါ |
| ပဿမ္ဘန္တော | ပ+သမ္ဘန္တော |
| ဝိဿမ္ဘတိ | ဝိ+သမ္ဘတိ |
| အဋ္ဌဿရော | အဋ္ဌ+သရော |
| ဝိဿရတိ (အနုဿရတိ) | ဝိ+သရတိ (အနု+သရတိ) |
| ပဿသန္တော (ဝိဿသန္တော) | ပ+သသန္တော (ဝိ+သသန္တော) |
| မဟုဿသန္တော | မဟု+သသန္တော |
| အဿာသော | အာ+သာသော |
| အဝိဿဇ္ဇန္တော | အဝိ+သဇ္ဇန္တော |
| ဝိဿဇ္ဇန္တော | ဝိ+သဇ္ဇန္တော |
| ပရိစ္စဇန္တော | ပရိ+စဇန္တော |
| ဥပဒ္ဒဝေါ | ဥပ+ဒဝေါ |
| ဥပက္ကိလိဋ္ဌော | ဥပ+ကိလိဋ္ဌော |
| မိတ္တဒ္ဒု | မိတ္တ+ဒု |
| အာယဗ္ဗယော | အာယ+ဝယော |
| ဥဒဗ္ဗဟိ | ဥဒ+ဝဟိ |
| ကုသလတ္တိကံ | ကုသလ+တိကံ |
| ပီတိတ္တိကံ | ပီတိ+တိကံ |
| ဟေတုတ္တိကံ | ဟေတု+ပိကံ |
| ဝေဒနာတ္တိကံ | ဝေဒနာ+တိကံ |

http://www.dhammadownload.com



| | |
|---|---|
| လောကတ္တယံ | လောက+တယံ |
| မောဓိတ္တယံ | မောဓိ+တယံ |
| ဝတ္ထုတ္တယံ | ဝတ္ထု+တယံ |
| ကေတ္တိံသ | ကေ+တိံသ |
| ဒွတ္တိံသ | ဒွ+တိံသ |
| စတုတ္တိံသ | စတု+တိံသ |
| သီလဗ္ဗတံ | သီလ+ဝတံ |
| သုဗ္ဗတော | သု+ဝတော |
| သပ္ပီတိကော | သ+ပီတိကော |
| သမန္နာဂတော | သံ+အနု+အာဂတော |
| ပုနပ္ပုနံ | ပုန+ပုနံ |
| ဝတ္တတိ (ဝဋ္ဋတိ) | ဝ+တတိ (ဝ+ဋတိ) |
| ဒဿနံ | ဒ+သနံ |
| ဖဿော | ဖ+သော |
| ဥက္ကံသော | ဥ+ကံသော |
| ဒုက္ကရံ | ဒု+ကရံ |
| နိက္ကခေါ် | နိ+ကခေါ် |

ဥဂ္ဂတံ ၊ ဒုစ္စရိတံ ၊ နိစ္ဆုံ ၊ ဥညာတံ ၊ ဥန္နတိ ၊ ဥတ္တရော ၊ ဒုတ္တရော နိဒ္ဒရော ၊ ဥန္နတော ၊ ဒုပ္ပညော ၊ ဒုဗ္ဗလော ၊ နိမ္မလော ၊ ဥယျုတ္တော ဒုလ္လဘော ၊ နိဗ္ဗတ္တော ၊ ဥဿာဟော ၊ ဒုဿဟော ၊ နိဿာရော တက္ကရော၊ တဏှော ၊ တန္နိန္နော ၊ တပ္ပဘဝေါ ၊ တမ္မယော ၊ စတုက္ကံ၊ စတုဒ္ဒိသံ ၊ စတုပ္ပါဒေါ ၊ စတုဗ္ဗိဓံ ၊ စတုဿာလံ ၊ ဆက္ကံ ၊ ဆန္နဝုတိ၊ ဆပ္ပဒိကာ ၊ ဆဗ္ဗဿာနိ၊ ပြယုဂ်များသည် ပုဒ်ဖြတ်ရန် လွယ်ကူပြီဖြစ်၏

http://www.dhammadownload.com



| | |
|---|---|
| သက္ကာရော | သံ+ကာရော |
| သက္ကတော | သံ+ကတော |
| သန္ဒိဋ္ဌိ | သံ+ဒိဋ္ဌိ |
| သပ္ပုရိသော | သံ+ပုရိသော |
| မဟဗ္ဗလော | မဟာ+ဗလော |
| နိယျာတိ | နိ+ယာတိ |
| သူယျတိ | သူ+ယတိ |

အဘိဘူယျ ၊ဝိစေယျ၊ ဝိနေယျ၊ ဓေယျံ၊ နေယျံ၊ သေယျော၊ ဇေယျော၊ ဝေယျာကရဏော စသည်တို့သည်လည်း ပုဒ်ဖြတ်ခြင်းငှါ စွမ်းနိုင်လောက်ပြီ။

| | |
|---|---|
| ဧတ္တော(ဧတ္တာဝတာ) | ဧ+တော (ဧ+တာဝတာ) |
| ဣစ္စေဝ | ဣတိ+ဧဝ |
| ဝိပလ္လာသော | ဝိပလိ+အာသော |
| အညာယော | အနိ+အာယော |
| ယဇ္ဇေဝံ | ယဒိ+ဧဝံ |
| အပ္ပေကစ္စေ | အပိ+ဧကစ္စေ |
| အပ္ပေကဒါ | အပိ+ဧကဒါ |

အထက်ပါ ဣစ္စေဝ စသောပြယုဂ်တို့၌ ဣဝဏ္ဏအား ယ နဝါသုတ်ဖြင့် ယ–ပြုပြီးနောက် ယဝတံသုတ်ဖြင့် စီရင်ပြီး ဒွေဆော်လာရ၏။

http://www.dhammadownload.com



| | |
|---|---|
| တပဿီ | တပ+သီ |
| ယသဿီ | ယသ+သီ |
| နပ္ပဓော | န+ပ+ဓော |
| ဥဇ္ဇုဂတော | ဥ+ဇုဂတော |

ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဉ္စမာ

| | |
|---|---|
| ပဂ္ဃရတိ | ပ+ဃရတိ |
| ဥဂ္ဃရတိ | ဥ+ဃရတိ |
| ဥဂ္ဃေါဋ္ဋေတိ | ဥ+ဃောဋ္ဋေတိ |
| ဒုဂ္ဃေါသော | ဒု+ဃောသော |
| နိဂ္ဃေါသော | နိ+ဃောသော |
| ဧသောဝ စဇ္ဈာနဖလော | ဧသောဝ စ+ဈာနဖလော |
| ပဉ္စမဇ္ဈာနံ | ပဉ္စမ+ဈာနံ |
| အဘိဇ္ဈာယတိ | အဘိ+ဈာယတိ |
| ဥဇ္ဈာယတိ | ဥ+ဈာယတိ |
| ဝိဒ္ဓံသေတိ | ဝိ+ဓံသေတိ |
| ဥဒ္ဓံသိတော | ဥ+ဓံသိတော |
| ဥဒ္ဓါရော | ဥ+ဓာရော |
| နိဒ္ဓါရော | နိ+ဓာရော |
| နိဒ္ဓနော | နိ+ဓနော |
| နိဒ္ဓုတော | နိ+ဓုတော |
| ဝိဗ္ဘန္တော | ဝိ+ဘန္တော |

http://www.dhammadownload.com



| | |
|---|---|
| ဥဗ္ဘတော | ဥ+ဘတော |
| ဒုဗ္ဘိက္ခံ | ဒု+ဘိက္ခံ |
| နိဗ္ဘယံ | နိ+ဘယံ |
| တဗ္ဘာဝေါ | တ+ဘာဝေါ |
| စတုဒ္ဓါ(ဆဒ္ဓါ) | စတု+ဓာ(ဆ+ဓာ) |
| စတုဗ္ဘိ | စတု+ဘိ |
| သဒ္ဓမ္မော | သန္တ+ဓမ္မော |
| သဗ္ဘူတော | သန္တ+ဘူတော |
| မဟဒ္ဓနော | မဟာ+ဓနော |
| မဟဗ္ဘယံ | မဟာ+ဘယံ |
| ဗောဇ္ဈင်္ဂါ | ဗောဓိ+အင်္ဂါ |

ဣဝဏ္ဏော ယံ နဝါဖြင့် ဣကို ယပြု၊ ယဝတံသုတ်ဖြင့် ဈပြုပြီး၊ဒွေဘော်လာ

| | |
|---|---|
| ပဉ္စက္ခန္ဓာ | ပဉ္စ+ခန္ဓာ |
| ရူပက္ခန္ဓော | ရူပ+ခန္ဓော |
| အက္ခမော | အ+ခမော |
| အဘိက္ခမော | အဘိ+ခမော |
| အဘိက္ခဏံ | အဘိ+ခဏံ |
| အဝိက္ခေပေါ | အဝိ+ခေပေါ |
| ဇာတိက္ခေတ္တံ | ဇာတိ+ခေတ္တံ |
| ဓာတုက္ခောဘော | ဓာတု+ခောဘော |
| အာယုက္ခယော | အာယု+ခယော |

http://www.dhammadownload.com



| | |
|---|---|
| သေတစ္ဆတ္တံ | သေတ+ဆတ္တံ |
| သဗ္ဗစ္ဆန္နံ | သဗ္ဗ+ဆန္နံ |
| ဝိစ္ဆိန္နံ | ဝိ+ဆိန္နံ |
| ဗောဓိစ္ဆာယာ | ဗောဓိ+ဆာယာ |
| ဇမ္ဗုစ္ဆာယာ | ဇမ္ဗု+ဆာယာ |
| သမုစ္ဆေဒေါ | သမု+ဆေဒေါ |
| တတြဋ္ဌိတော | တတြ+ဌိတော |
| ထလဋ္ဌံ | ထလ+ဌံ |
| ဇလဋ္ဌံ | ဇလ+ဌံ |
| အဓိဋ္ဌိတံ | အဓိ+ဌိတံ |
| နိဋ္ဌိတံ | နိ+ဌိတံ |
| စတ္တာရိဋ္ဌာနာနိ | စတ္တာရိ+ဌာနာနိ |
| ဂရုဋ္ဌာနိယော | ဂရု+ဌာနိယော |
| သမုဋ္ဌိတော | သမု+ဌိတော |
| သုပ္ပဋ္ဌာနော | သု+ပ+ဌာနော |
| ယသတ္ထေရော | ယသ+ထေရော |
| ယတ္ထ | ယ+ထ |
| တတ္ထ | တ+ထ |
| ပတ္ထရတိ | ပ+ထရတိ |
| ဝိတ္ထာရော | ဝိ+ထာရော |
| အဘိတ္ထုတော | အဘိ+ထုတော |

http://www.dhammadownload.com



| | |
|---|---|
| ဝိတ္ထမ္ဘိတော | ဝိ+ထမ္ဘိတော |
| အနုတ္ထုနံ | အနု+ထုနံ |
| စတုတ္ထော | စတု+ထော |
| ကုတ္ထ | ကု+ထ |
| ပပ္ဖောဋေတိ | ပ+ဖောဋေတိ |
| မဟပ္ဖလံ | မဟာ+ဖလံ |
| နိပ္ဖလံ | နိ+ဖလံ |
| ဝိပ္ဖါရော | ဝိ+ဖါရော |
| ပရိပ္ဖုသေယျ | ပရိ+ဖုသေယျ |
| မဓုပ္ဖါဏိတံ | မဓု+ဖါဏိတံ |
| အာက္ခာတော | အာ+ခါတော |
| တဏှာက္ခယော | တဏှာ+ခယော |
| အာဏာက္ခေတ္တံ | အာဏာ+ခေတ္တံ |
| သညာက္ခန္ဓော | သညာ+ခန္ဓော |
| အာစ္ဆာဒယတိ | အာ+ဆာဒယတိ |
| အာစ္ဆိန္ဒတိ | အာ+ဆိန္ဒတိ |
| နာဝါဋ္ဌံ | နာဝါ+ဌံ |
| အာတ္ထရတိ | အာ+ထရတိ |
| အာပ္ဖောဋေတိ | အာ+ဖောဋေတိ |
| နိက္ခမတိ | နိ+ခမတိ |
| နိပ္ပတ္တိ | နိ+ပတ္တိ |

8
A

http://www.dhammadownload.com



| | |
|---|---|
| နိစ္စရတိ | နိ+စရတိ |
| နိစ္စယော | နိ+စယော |
| နိတ္တရဏံ | နိ+တရဏံ |

## အံဗျဉ္ဇနေ နိဂ္ဂဟိတံ

| | |
|---|---|
| ဧဝံဝုတ္တေ | ဧဝံ ဝုတ္တေ |
| တံသာဓု | တံ သာဓု |
| ဧကံသမယံဘဂဝါ | ဧကံသမယံ ဘဂဝါ |
| အဂ္ဂိံဝသန္ဓမံ | အဂ္ဂိံဝ သန္ဓမံ |

## ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ

| | |
|---|---|
| တဏှင်္ကရော | တဏှံ+ကရော |
| ရဏဉ္ဇဟော | ရဏံ+ဇဟော |
| သဏ္ဌိတော | သံ+ဌိတော |
| ဓုတိန္ဓရော | ဓုတိံ+ဓရော |
| သမ္မတော | သံ+မတော |
| တင်္ကရောတိ | တံ+ကရောတိ |
| တင်္ခဏံ | တံ+ခဏံ |
| သင်္ဂဟော | သံ+ဂဟော |
| တင်္ဃတံ | တံ+ဃတံ |
| ဓမ္မဉ္စရေ | ဓမ္မံ+စရေ |

http://www.dhammadownload.com



| | |
|---|---|
| တဉ္ဆန့် | တံ+ဆန့် |
| တဉ္ဈာတံ | တံ+ဈာတံ |
| တဉ္ဉာဏံ | တံ+ဉာဏံ |
| တဏ္ဌာနံ | တံ+ဌာနံ |
| တဏ္ဍဟတိ | တံ+ဍဟတိ |
| တန္တနောတိ | တံ+တနောတိ |
| တန္ထိရံ | တံ+ထိရံ |
| တန္ဒါနံ | တံ+ဒါနံ |
| တန္ဓနံ | တံ+ဓနံ |
| တန္နိစ္စုတံ | တံ+နိစ္စုတံ |
| တမ္ပဇ္ဇော | တံ+ပဇ္ဇော |
| တမ္ဖလံ | တံ+ဖလံ |
| တေသမ္ဗောဓော | တေသံ+ဗောဓော |
| သမ္ဘူတော | သံ+ဘူတော |
| တမ္မိတ္တံ | တံ+မိတ္တံ |
| ကိင်္ကတော | ကိံ+ကတော |
| ဒါတုင်္ဂတော | ဒါတုံ+ဂတော |

### ဝါသဒ္ဒါအကျိုးပြုယုဂ်

| | |
|---|---|
| ပဋိသလ္လီနော | ပဋိသံ+လီနော |
| ပဋိသလ္လာဏော | ပဋိသံ+လာဏော |

http://www.dhammadownload.com



| | |
|---|---|
| သလ္လက္ခဏာ | သံ+လက္ခဏာ |
| သလ္လေခါ | သံ+လေခါ |
| သလ္လာပေါ | သံ+လာပေါ |
| ပုလ္လိင်္ဂ | ပုံ+လိင်္ဂ |

*အထက်ပါ ပြယုဂ်များ ဝါသဒ္ဒါဖြင့် လကြောင်း နိဂ္ဂဟိတ်ကို လ=ပြုပါ*

**ဧဟေ ဉံ**

| | |
|---|---|
| ပစ္စတ္တဉ္ဉေဝ | ပစ္စတ္တံ+ဧဝ |
| တဉ္ဉေဝ | တံ+ဧဝ |
| တဉှိတဿ | တံ+ဟိတဿ |
| ဧဝဉှိဝေါ | ဧဝံ+ဟိဝေါ |

**သယေစ**

| | |
|---|---|
| သဉ္ဉောဂေါ | သံ+ယောဂေါ |
| သဉ္ဉောဇနံ | သံ+ယောဇနံ |
| သညတော | သံ+ယတော |
| သညာစိကာယ | သံ+ယာစိကာယ |
| ယညဒေဝ | ယံ+ယဒေဝ |
| အာနန္တရိကညမာဟု | အာနန္တရိကံ+ယမာဟု |

http://www.dhammadownload.com



**မဒါ သရေ**

| | |
|---|---|
| တမဟံမြူမိ | တံ+အဟံ မြူမိ |
| ယမာဟု | ယံ+အာဟု |
| ခနမေဝ | ခနံ+ဧဝ |
| ကိမေတံ | ကိံ+ဧတံ |
| နိန္ဒိတုမရဟတိ | နိန္ဒိတုံ+အရဟတိ |
| ယဒနိစ္စံ | ယံ+အနိစ္စံ |
| တဒနတ္တာ | တံ+အနတ္တာ |
| ဧတဒဝေါစ | ဧတံ+အဝေါစ |
| ဧတဒေဝ | ဧတံ+ဧဝ |

ဗုဒ္ဓမ် သရဏာမ် ဂစ္ဆာမိ= ဗုဒ္ဓံ +သရဏံ+ဂစ္ဆာမိ (မဒါဟူသော ယောဂဝိဘာဂဖြင့် သမျည်း, ဂမျည်းကြောင့် နိဂ္ဂဟိတ်ကို မ်–ပြုပါ။

**ယဝမဒနတရလာစာဂမာ**

| | |
|---|---|
| ယထယိဒံ | ယထာ+ဣဒံ |
| ယထာယေဝ | ယထာ+ဧဝ |
| မာယိဒံ | မာ+ဣဒံ |
| မာယေဝံ | မာ+ဧဝံ |
| တံယိဒံ | တံ+ဣဒံ |
| တံယေဝ | တံ+ဧဝ |
| နယိဒံ | န+ဣဒံ |
| နယိမဿ | န+ဣမဿ |

http://www.dhammadownload.com



| | |
|---|---|
| နယိမာနိ | နံ+ဣမာနိ |
| နဝယိမေ ဓမ္မာ | နဝ+ဣမေ ဓမ္မာ |
| ဗုဒ္ဓါနံယေဝ | ဗုဒ္ဓါနံ+ဧဝ |
| သန္တိယေဝ | သန္တိ+ဧဝ |
| ဗောဓိယာယေဝ | ဗောဓိယာ+ဧဝ |
| သတိယေဝ | သတိ+ဧဝ |
| ပထဝီယေဝ | ပထဝီ+ဧဝ |
| ဓာတုယေဝ | ဓာတု+ဧဝ |
| တေသုယေဝ | တေသု+ဧဝ |
| သောယေဝ | သော+ဧဝ |
| ပါဠိယေက္ကံ | ပါဠိ+ဧက္ကံ |
| ဝိယဉ္ဇနာ | ဝိ+အဉ္ဇနာ |
| ဗျဉ္ဇနာ | ဝိ+အဉ္ဇနာ |
| ဝိယာကာသိ | ဝိ+အာကာသိ |
| ဗျာကာသိ | ဝိ+အာကာသိ |
| ပရိယန္တံ | ပရိ+အန္တံ |
| ပရိယာဒါနံ | ပရိ+အာဒါနံ |
| ပရိယုဋ္ဌာနံ | ပရိ+ဥဋ္ဌာန |
| ပရိယေသတိ | ပရိ+ဧသတိ |
| ပရိယောသာနံ | ပရိ+ဩသာနံ |
| နိယျာယောဂေါ | နိ+အာယောဂေါ |

http://www.dhammadownload.com



| | |
|---|---|
| တိဝင်္ဂိကံ | တိ+အင်္ဂိကံ |
| ဘူဝါဒယော | ဘူ+အာဒယော |
| ဝုဒိက္ခတိ | +ဥဒိက္ခတိ |
| ပဝုစ္စတိ | ပ+ဥစ္စတိ |
| ပါဂုညဝုဇုတာ | ပါဂုည+ဥဇုတာ |
| တိဝင်္ဂုလံ | တိ+အင်္ဂုလံ |
| လဟုမေဿတိ | လဟု+ဧဿတိ |
| ဂရုမေဿတိ | ဂရု+ဧဿတိ |
| ဣဓမာဟု | ဣဓ+အာဟု |
| ကေန တေ ဣဓမိဇ္ဈတိ | ကေန တေ ဣဓ+ဣဇ္ဈတိ |
| ကသာမိဝ | ကသာ+ဣဝ |
| အာကာသေ မဘိပူဇယိ | အာကာသေ+အဘိပူဇယိ |
| ဧကမေကဿ | ဧက+ဧကဿ |
| ယေန မိဓေကစ္စေ | ယေန+ဣဓေကစ္စေ |
| ဘာယတိမေဝ | ဘာယတိ+ဧဝ |
| ဥဒဂ္ဂေါ | ဥ+အဂ္ဂေါ |
| ဥဒယော | ဥ+အယော |
| ဥဒပါဒိ | ဥ+အပါဒိ |
| ဥဒါဟဋံ | ဥ+အာဟဋံ |
| ဥဒိတော | ဥ+ဣတော |

http://www.dhammadownload.com



| | |
|---|---|
| ဥဒီရိတ် | ဥ+ဤရိတ် |
| ဥဒေတိ | ဥ+ဧတိ |
| သကိဒေဝ | သကိံ+ဧဝ |
| သကဒါဂါမိ | သကိံ+အာဂါမိ(သုတ်ကြီးဖြင့် ဣကို အ,ပြု) |
| ကေနစိဒေဝ | ကေနစိ+ဧဝ |
| ကိသ္မိဉ္စိဒေဝ | ကိသ္မိဉ္စိ+ဧဝ |
| ကိဉ္စိဒေဝ | ကိဉ္စိ+ဧဝ |
| ကောစိဒေဝ | ကောစိ+ဧဝ |
| သမ္မဒက္ခာတော | သမ္မာ+အက္ခာတော |
| သမ္မဒတ္ထော | သမ္မာ+အတ္ထော |
| သမ္မဒညာ | သမ္မာ+အညာ |
| သမ္မဒေဝ | သမ္မာ+ဧဝ |
| ယာဝဒတ္ထံ | ယာဝ+အတ္ထံ |
| ယာဝဒေဝ | ယာဝ+ဧဝ |
| တာဝဒေဝ | တာဝ+ဧဝ |
| ပုနဒေဝ | ပုန+ဧဝ |
| ယဒတ္ထံ (တဒတ္ထံ) | ယ+အတ္ထံ (တ+အတ္ထံ) |
| ယဒန္တရာ | ယ+အန္တရာ |
| တဒန္တရာ | တ+အန္တရာ |
| တဒင်္ဂဝိမုတ္တိ | တ+အင်္ဂဝိမုတ္တိ |
| ဧတဒတ္ထံ | ဧတ+အတ္ထံ |

http://www.dhammadownload.com



| | |
|---|---|
| အတ္တဒတ္ထံ | အတ္တ+အတ္ထံ |
| သဒတ္ထုပသုတော သိယာ | သ+အတ္ထုပသုတော သိယာ |

*(မှတ်ချက်) ယ,တ,တေ,သ သဒ္ဒါတို့မှ နောက်၌ သမာသ်၌သာ ဒအက္ခရာ လာရပါသည်။*

| | |
|---|---|
| အညဒတ္ထံ | အည+အတ္ထံ |
| မနသာဒညာ ဝိမုတ္တာနံ | မနသာ+အညာဝိမုတ္တာနံ |
| ဗဟုဒေဝရတ္တိ | ဗဟု+ဧဝရတ္တိ |
| အဟုဒေဝ ဘယံ | အဟု+ဧဝ ဘယံ |

| | |
|---|---|
| ကုတောနာယတိ | ကုတော+အာယတိ |
| စိရံနာယတိ | စိရံ+အာယတိ |
| ယသ္မာတိဟ | ယသ္မာ+ဣဟ |
| တသ္မာတိဟ | တသ္မာ+ဣဟ |
| အဇ္ဇတဂ္ဂေ | အဇ္ဇ+အဂ္ဂေ |
| နိရန္တရံ | နိ+အန္တရံ |
| နိရာလယော | နိ+အာလယော |
| နိရိန္ဓနော | နိ+ဣန္ဓနော |
| နိရီဟကံ | နိ+ဤဟကံ |
| နိရုတ္တရော | နိ+ဥတ္တရော |
| နိရောဇံ | နိ+ဩဇံ |
| ဒုရတိက္ကမော | ဒု+အတိက္ကမော |

9

A

http://www.dhammadownload.com



| | |
|---|---|
| ဒုရာဂတံ | ဒု+အာဂတံ |
| ဒုရုတ္တံ | ဒု+ဥတ္တံ |
| ပါတုရဟောသိ | ပါတု+အဟောသိ |
| ပါတုရဟေသုံ | ပါတု+အဟေသုံ |
| ပုနရာဂစ္ဆေယျ | ပုန+အာဂစ္ဆေယျ |
| ပုနရုတ္တံ | ပုန+ဥတ္တံ |
| ပုနရေဝ | ပုန+ဧဝ |
| ပုနရေတိ | ပုန+ဧတိ |
| ဓိရတ္ထု | ဓိ+အတ္ထု |
| ပါတရာသော | ပါတ+အာသော |
| စတုရင်္ဂီကံ | စတု+အင်္ဂီကံ |
| စတုရာရက္ခာ | စတု+အာရက္ခာ |
| စတုရိဒ္ဓိပါဒပဋိလာဘော | စတု+ဣဒ္ဓိပါဒပဋိလာဘော |
| စတုရောဃနိတ္ထရဏတ္ထံ | စတု+ဩဃနိတ္ထရဏတ္ထံ |
| ဘတ္တုရတ္ထေ | ဘတ္တု+အတ္ထေ |
| ဝုတ္တိရေသာ | ဝုတ္တိ+ဧသာ |
| ပထဝီဓာတုရေဝေသာ | ပထဝီဓာတု+ဧဝ+ဧသာ |
| နက္ခတ္တရာဇာရိဝ တာရကာနံ | နက္ခတ္တရာဇာ+ဣဝ တာရကာနံ |
| ဝိဇ္ဇုရိဝဗ္ဘကူဋေ | ဝိဇ္ဇု+ဣဝဗ္ဘကူဋေ |
| အာရဂ္ဂေရိဝ | အာရဂ္ဂေ+ဣဝ |
| သာသပေါရိဝ | သာသပေါ+ဣဝ |

9
B

http://www.dhammadownload.com



| | |
|---|---|
| ဥသဘောရိဝ | ဥသဘော+ဣဝ |
| သဗ္ဘိရေဝ | သဗ္ဘိ+ဧဝ |
| ဆဠဘိညာ | ဆ+အဘိညာ |
| ဆဠင်္ဂ | ဆ+အင်္ဂ |
| ဆဠာသီတိ | ဆ+အသီတိ |
| ဆဠံသာ | ဆ+အံသာ |
| သဠာယတနံ | ဆ+အာယတနံ |

## ကွစိ ဩ ဗျဉ္ဇနေ

အတိပ္ပဂေါခေါ တာဝ= အတိပ္ပ+ခေါ တာဝ (ယဝမဒနသုတ်၌ **စသဒ္ဒါဖြင့် အတိပ္ပသဒ္ဒါနောင် ဂ–အက္ခရာလာ)**

| | |
|---|---|
| ပရောသတံ | ပရ+သတံ |
| ပရောသဟဿံ | ပရ+သဟဿံ |

## နိဂ္ဂဟီတဉ္စ

| | |
|---|---|
| စက္ခုံဥဒပါဒိ | စက္ခု+ဥဒပါဒိ |
| အဝံသိရော | အဝ+သိရော |
| ယာဝဉ္စိဓ ဘိက္ခဝေ | ယာဝ+စိဓ ဘိက္ခဝေ |
| အဏုံထူလာနိ | အဏု+ထူလာနိ |
| တံ သမ္ပယုတ္တော | တ+သမ္ပယုတ္တော |
| တင်္ခဏေ | တ+ခဏေ |
| တံ သဘာဝေါ | တ+သဘာဝေါ |

http://www.dhammadownload.com



## ကွစိ လောပ်

| | |
|---|---|
| တာသာဟံ သန္တိကေ | တာသံ+အဟံ သန္တိကေ |
| ဝိဒူနဂ္ဂံ | ဝိဒူနံ+အဂ္ဂံ |
| တဿ အဒါသဟံ | တဿ အဒါသိ+အဟံ |
| တထာဂတာဟံ | တထာဂတံ+အဟံ |
| ဧဝါဟံ | ဧဝံ+အဟံ |
| ကျာဟံ | ကိံ+အဟံ |

## ဗျဉ္ဇနေ စ

| | |
|---|---|
| အရိယာသစ္စာန ဒဿနံ | အရိယာသစ္စာနံ+ဒဿနံ |
| ဧတံ ဗုဒ္ဓါန သာသနံ | ဧတံ ဗုဒ္ဓါနံ+သာသနံ |
| သာရတ္တော | သံ+ရတ္တော |
| သာရာဂေါ | သံ+ရာဂေါ |
| သာရမ္ဘော | သံ+ရမ္ဘော |
| အဝိသာဟာရော | အဝိသံ+ဟာရော |
| စိရပ္ပဝါသိ | စိရံ+ပဝါသိ |
| ဂန္တုကာမော | ဂန္တုံ+ကာမော |
| ဂန္တုမနော | ဂန္တုံ+မနော |

## ပရော ဝါ သရော

| | |
|---|---|
| ကတန္တိ | ကတံ+ဣတိ |
| ကိန္တိ | ကိံ+ဣတိ |

http://www.dhammadownload.com



| | |
|---|---|
| အဘိနန္ဒုန္တိ | အဘိနန္ဒုံ+ဣတိ |
| ဥတ္တတ္တံဝ | ဥတ္တတ္တံ+ဣဝ |
| စက္ကံဝ | စက္ကံ+ဣဝ |
| ကလိန္ဒာနိ | ကလိ +ဣဒါနိ |
| ကိန္ဒာနိ | ကိံ +ဣဒါနိ |
| တွံသိ | တွံ+အသိ |
| ဣဒမ္ပိ | ဣဒံ+အပိ |
| ဥတ္တရိမ္ပိ | ဥတ္တရိ +အပိ |
| ဒါတုမ္ပိ | ဒါတုံ+အပိ |
| သဒိသံဝ | သဒိသံ+ဧဝ |

**ဗျဉ္ဇနော စ ဝိသညောဂေါ**

| | |
|---|---|
| ဧဝံ သ တေ အာသဝါ | ဧဝံ+အဿ တေ အာသဝါ |
| ပုပ္ဖံသာ ဥပ္ပဇ္ဇိ | ပုပ္ဖံ+အဿာ ဥပ္ပဇ္ဇိ |

**စသဒ္ဒါအကျိုး**

| | |
|---|---|
| အဂျာဂါရံ | အဂ္ဂိ+အာဂါရံ |
| ဝုတျဿ | ဝုတ္တိ+အဿ |

**ဂေါ သရေ ပုထဿာဂမော ကွစိ**

| | |
|---|---|
| ပုထဂေဝ | ပုထ+ဧဝ |

**ပါဿ စန္တော ရဿော**

| | |
|---|---|
| ပဂေဝ | ပါ+ဧဝ |

http://www.dhammadownload.com



### အဗ္ဘော အဘိ

| | |
|---|---|
| အဗ္ဘက္ခာနံ | အဘိ+အက္ခာနံ |
| အဗ္ဘုဂ္ဂတော | အဘိ+ဥဂ္ဂတော |
| အဗ္ဘောကာသော | အဘိ+ဩကာသော |

### အဇ္ဈော အဓိ

| | |
|---|---|
| အဇ္ဈဂမာ | အဓိ+အဂမာ |
| အဇ္ဈုပဂတော | အဓိ+ဥပဂတော |
| အဇ္ဈောဂါဟေတွာ | အဓိ+ဩဂါဟေတွာ |

### တေန ဝါ ဣဝဏ္ဏေ

| | |
|---|---|
| အဘိစ္ဆိတံ | အဘိ+ဣစ္ဆိတံ |
| အဓိရိတံ | အဓိ+ဤရိတံ |

### အတိဿ စန္တဿ

| | |
|---|---|
| အတီတော | အတိ+ဣတော |
| အတီရိတံ | အတိ+ဤရိတံ |
| ဣတီတိ | ဣတိ+ဣတိ |
| ဣတီဒံ | ဣတိ+ဣဒံ |
| ပတီတော | ပတိ+ဣတော |

http://www.dhammadownload.com



### ကွစိ ပဋိ ပတိဿ

| | |
|---|---|
| ပဋ္ဌဂ္ဂိ | ပတိ+အဂ္ဂိ |
| ပဋိဟညတိ | ပတိ+ဟညတိ |

### ပုထဿ ဖျဥနေ

| | |
|---|---|
| ပုထုဇ္ဇနော | ပုထ+ဇနော |
| ပုထုဘူတံ | ပုထ+ဘူတံ |

### အန္တသဒ္ဒါအကျိုး

မနုညံ    မနော+အညံ

ဇေဝမ်    ဇဝံ+က္လမံ

က္လတေဝံ=က္လတိ+ဇဝံ( ဤပုစ်မျိုး ကို အန္တသဒ္ဒါဖြင့် သရကြောင့် န, ဝ, တ တို့၏အစိတ်ကို ဥ–ပြုပါ)

### ဩ အဝဿ

| | |
|---|---|
| ဩကာသော | အဝ+ကာသော |
| ဩနဒ္ဓေါ | အဝ+နဒ္ဓေါ |
| ဩဝဒတိ | အဝ+ဝဒတိ |
| ဩသာနံ | အဝ+သာနံ |

## သန္ဓိကျမ်းအခ်ိပ္ပါယ် ပြီး၏

http://www.dhammadownload.com



## နာမ်ကျမ်းအဓိပ္ပါယ်
## နာမ် ဖွဲ့မပိုင်းအဖွင့်

**မေး။** အဘယ်ကြောင့် နာမ်ဟုခေါ်ပါသနည်း။

**ဖြေ။** အနက်သို့ရှေးရှုညွှတ်တတ်သောကြောင့်၎င်း၊ မိမိသို့ အနက်ကို ညွှတ်စေတတ်သောကြောင့်၎င်း၊ နာမ်ဟုခေါ်ပါသည်။
၎င်းနာမ်အရ ဒြပ်ဟောပုဒ်ကို ရပါသည်။

**မေး။** နာမ်အပြားကို ရူပသိဒ္ဓိကျမ်းလာအတိုင်း ရေးခဲ့ပါ။

**ဖြေ။** နာမ်သည် အန္ဝတ္ထနာမ်, ရုဠ္ဟီနာမ်ဟူ၍ နှစ်မျိုး၊ ပုလ္လိင်နာမ်, ဣတ္ထိလိင်နာမ်, နပုလ္လိင်နာမ်အား ဖြင့် သုံးမျိုး၊ သာမညနာမ်, ဂုဏနာမ်, ကြိယာနာမ်, ယဒိစ္ဆာနာမ်ဟူ၍ လေးမျိုး၊ အကာရန္တနာမ်, အာကာရန္တနာမ်, ဣကာရန္တနာမ်, ဤကာရန္တနာမ်, ဥကာရန္တနာမ်, ဦကာရန္တနာမ်, ဩကာရန္တနာမ်, နိဂ္ဂဟိတန္တနာမ်ဟူ၍ ရှစ်မျိုးရှိပါသည်။

## ဇိနဝစနယုတ္တံ ဟိ

**မေး။** ဤသုတ်၌ ဇိန၏အဓိပ္ပါယ်နှင့် အရကောက်ကို ကောက်ပြပါ။

**ဖြေ။** မာရ်ငါးပါးတို့ကို အောင်တော်မူပြီးဖြစ်သောကြောင့် ဇိနဟုခေါ် ပါသည်။

ဇိနအရ= မြတ်စွာဘုရားကို ရပါသည်။ ဇိနဝစနအရ=ပိဋကသုံးပုံဟူသော ဘုရားစကားကို ရပါသည်။

**မေး။** မာဂဓဘာသာစကားပြောကြသူများကို ထုတ်ပြပါ။

**ဖြေ။** မာဂဓဘာသာ[illegible]ကားကို (၁)ကမ္ဘာဦးသူ လူများ (၂)နတ်ဗြဟ္မာများ

http://www.dhammadownload.com



(၃)သုတစ်ပါးတို့၏ စကားပြောသံကို မကြားဘူးသေးသော ကလေး, လူရိုင်းများ၊ (၄)မြတ်စွာဘုရား၊ ဤပုဂ္ဂိုလ်လေးဦးတို့ ပြောဆိုကြပါသည်။

**မေး။** အဓိကာရသုတ် သုံးမျိုးကို ရေးခဲ့ပါ။

**ဖြေ။** အဓိကာရသုတ်သည် (၁)သီဟဂတိကအဓိကာရသုတ် (၂)မဏ္ဍူကဂတိကအဓိကာရသုတ် (၃)ယထာနုပုဗ္ဗိကအဓိကာရသုတ်ဟူ၍ သုံးမျိုး ရှိပါသည်။

ထိုသုံးမျိုးတို့တွင် ဤဇိနဝစနယုတ္တံ ဟိဟူသောသုတ်သည် ရှေ့နောက်ကို ကြည့်ခြင်းကြောင့် သီဟဂတိကအဓိကာရသုတ်ဖြစ်ပါသည်။ ***(တနည်း)*** ယထာနုပုဗ္ဗိကအဓိကာရသုတ်ဖြစ်ပါသည်။

## လိင်္ဂဥ နိပ္ပစ္စတေ

**မေး။** အဘယ်အကျိုးငှါ ဤသုတ်ကို ဆိုရပါသနည်း။

**ဖြေ။** သက္ကဋနှင့်မတူအောင်ပြု၍ ဘုရားပါဠိတော်အား လျှော်သည်၏ အစွမ်းအားဖြင့် ပကတိရုပ်တည်ထားခြင်းအကျိုးငှါ ဤသုတ်ကိုဆိုရပါသည်။

**မေး။** ဤသုတ်၌ စသဒ္ဒါအကျိုးကို ရေးခဲ့ပါ။

**ဖြေ။** စသဒ္ဒါဖြင့် ဓာတ်တို့ကိုလည်း ဘုရားပါဠိတော်နှင့် လျှော်အောင် တည်ထားရခြင်း အကျိုးရှိပါသည်။

## တတောစ ဝိဘတ္တိယော

**မေး။** ဤသုတ်၌ စသဒ္ဒါ၏အကျိုးကို ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** စသဒ္ဒါပြင့် တဝေ, တုန့် စသောပစ္စည်းအဆုံးရှိသော နိပါတ်ပုဒ်တို့မှ နောက်၌လည်း နာမ်ဝိဘတ်သက်ရခြင်းအကျိုးရှိပါသည်။

**မေး။** အဘယ်ကြောင့် ဝိဘတ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ကံစသည်တို့၏အပြားအားဖြင့်၎င်း၊ ဧကဝုစ်၏အဖြစ်စသည်တို့၏ အပြားအားဖြင့်၎င်း၊ လိင်အနက်ကိုဝေဘန်တတ်သောကြောင့် ဝိဘတ်ဟုခေါ်ပါသည်။

## သိယောအံယောနာဟိသနံသ္မာဟိသနံသ္မိ သု

**မေး။** ဤသုတ်သည် သုတ်လေးမျိုးတို့တွင် အဘယ်သုတ်ဖြစ်ပါသနည်း။

**ဖြေ။** သညာသုတ်, အဓိကာရသုတ်, ပရိဘာသာသုတ်, ဝိဓိသုတ်ဟူသော သုတ်လေးမျိုးတို့တွင် ဤသုတ်သည် သညာသုတ်ဖြစ်ပါသည်။

**အထောက်အထား။** ဝိဘတ္တိကူတွနေနဲ ကွ္ဘေဘာ– အမုဿ မမံ သဝိဘတ္တိဿ သေ ဖြစ်ပါသည်။

**မေး။** ပဉ္စမာစသောအမည်, ဧကဝုစ်စသောအမည်သည် အဘယ်၏ အစွမ်းအားဖြင့် ပြီးပါသနည်း။

**ဖြေ။** အန္တတ္တ၏အစွမ်းအားဖြင့်၎င်း၊ ပရသမညာ၏အစွမ်းအားဖြင့်၎င်း၊ ပြီးပါသည်။

## တဒနုပရောဓေန

**မေး။** အဘယ်အကျိုးငှါ ဤသုတ်ကို ဆိုရပါသနည်း။

**ဖြေ။** ကစ္စည်းကျမ်း၌ ပုဒ်ကိုပြီးစေခြင်းသည် ဘုရားပါဠိတော်အား မဆန့်

10
B

http://www.dhammadownload.com



ကျင်သဖြင့် ပြီးစေရမည်ဟု သံစေခြင်းအကျိုးငှါ ဤသုတ်ကိုဆိုရပါသည်။

**မေး။** ဤသုတ်၌ စသဒ္ဒါ၏အကျိုးကို ရေးပါ။

**ဖြေ။** နာမ်ကျမ်း၌၄င်း၊ အာချာတ်၌၄င်း၊ ဒွိဝုစ်ကို မယူရခြင်း၊ သတ္တရှန့်မတူအောင် ဝိဘတ်ပစ္စည်းစသည်ကို စီရင်ရခြင်းအကျိုးရှိပါသည်။

## ဣဝဏ္ဏုဝဏ္ဏာ ဇုလာ

**မေး။** ဣဝဏ္ဏုဝဏ္ဏာ ၌ ဝဏ္ဏသဒ္ဒါယူရခြင်းအကျိုးကို ရေးပါ။

**ဖြေ။** ဝဏ္ဏသဒ္ဒါသည် သဝဏ္ဏသရကို ယူရခြင်းအကျိုးရှိပါသည်။

**မေး။** ဇု, လအမည်တို့ကို အဘယ်၌မှည့်ရပါသနည်း။

**ဖြေ။** ဇု ,လအမည်တို့ကို လိင်၏အဆုံး၌၄င်း, အလယ်၌၄င်း, ကုမ္ဗန္တိစသောအာချာတ်၌၄င်း, ပုလ္လိင်+နပုလ္လိင်တို့၏အဆုံး၌၄င်း မှည့်ရပါသည်။ ပ–အမည်ကိုကား လိင်၏အဆုံး၌သာ မှည့်ရပါသည်။

## တေ ဣတ္ထိချာ ပေါ

**သုတ်နက်ပေးပုံ။** ။ ဣတ္ထိချာ=ဣတ္ထိလိင်၏အမည်ဖြစ်ကုန်သော၊ တေ =ထိုဣဝဏ်,ဥဝဏ်တို့သည်၊ ပေါ=ပ–အမည်ရှိကုန်သည်၊ ဟောန္တိဖြစ်ကုန်၏။

## တေ်မာသမိ

**မေး။** ဤသုတ်ဖြင့် ဣ–ဖြုရာဝယ် တော, ဣမာကို ပြုရမည်လော၊ အစိတ် အာ–ကိုပြုရမည်လော။

http://www.dhammadownload.com



**ဖြေ။** တေိမာသံ ၌ ဆဋ္ဌဝိဘတ်သည် အန္တကို ငဲ့သောကြောင့် တော, ဣမာတို့၏အဆုံး(အစိတ်) အာ–ကို ဣ–ပြုရပါသည်။

**မေး။** တေိဿာယ စသောပြယုဂ်တို့၌ သံ,သာအပြုမနှောင်းသောကြောင့် အဘယ်သုတ်ဖြင့် ဣ–ပြုရပါသနည်း။

**ဖြေ။** ဿာယအပြုသည် သာ–အပြုနှင့်အလားတူသောကြောင့် ဿာယ–အပြုနှောင်းရာ၌လည်း တေိမာသမိသုတ်ဖြင့်ပင် ဣ–ပြုရပါသည်။

**မေး။** သံသာသွေကဝစနေသုစသုတ်မှ ဤသုတ်သို့လိုက်လာသော စသဒ္ဒါ၏ အကျိုးကိုရေးပါ။

**ဖြေ။** အညိဿာ ,ကေိဿာစသောပြယုဂ်တို့၌ အညာသဒ္ဒါ, ကောသဒ္ဒါ စသည်တို့၏ အဆုံးအာကိုလည်း ဣ–ပြုရခြင်းအကျိုးရှိပါသည်။

## နောစ ဒွါဒိတော နမှိ

**မေး။** ဤသုတ်၌ စသဒ္ဒါ၏အကျိုးကို ရေးပါ။

**ဖြေ။** စသဒ္ဒါဖြင့် ဣတ္ထိလိင်၌ နံဝိဘတ်ကြောင့် တိ, စတုသဗ္ဗာသဒ္ဒါ နောင် ဿံ–လာရခြင်းအကျိုးရှိပါသည်။

## အမာပတော သ္မိံ သ္မာနံ ဝါ

**မေး။** ဤသုတ်၌ပါသော ဝါသဒ္ဒါ၏အကျိုးကို ရေးပါ။

**ဖြေ။** ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဥဝဏ် အဆုံးရှိသောလိင်မှနောက်၌ သ္မိံ, သ္မာဝိဘတ်ကို အံ, အာမပြုရ(အသန္တ ၉၉)။

http://www.dhammadownload.com



ဣလဝဏ်အဆုံးရှိသောလိင်မှနောက်၌လည်း ပြယုဂ်အားလျော်စွာ အံ,အာပြုရခြင်းအကျိုးရှိပါသည်။

*(မှတ်ချက်)* ပတော အရ ဣလဝဏ်, ဥဝဏ်နှစ်မျိုးလုံးကို ယူသင့်သော်လည်း ဝါသဒ္ဒါကြောင့် ဥဝဏ်ကို မယူရ၊ ဣလဝဏ်ကိုသာ ဝိကပ်အားဖြင့် ယူရမည်ဟု ဆိုလိုပါသည်။

**မေး။** ဤသုတ်၌ ဖြစ်ဘင်ဖြစ်နိုင်သော ယောဂဝိဘာဂနှင့် အကျိုးကို ရေးပါ။

**ဖြေ။** အာပတော ဟူသောယောဂဝိဘာဂဖြင့် ဇစ္စာ,ပထဗျာစသောပြယုဂ်တို့၌ နာဝိဘတ်, သဝိဘတ်တို့ကိုလည်း အချို့ အာပြုရခြင်းအကျိုးရှိပါသည်။

## အာဒိတော ဩစ

**မေး။** ဤသုတ်၌ စသဒ္ဒါအကျိုးကို ရေးပါ။

**ဖြေ။** ဤသုတ်၌ စသဒ္ဒါသည် အာဒိသဒ္ဒါမှတစ်ပါးသော သဒ္ဒါတို့နောက်မှလည်း သ္မိံဝိဘတ်ကို အာ,အံ,ဩ ပြုရခြင်းအကျိုးရှိပါသည်။

## ပသညဿ စ

**မေး။** ဤသုတ်၌ ပသညအရ ယူသင့်သောသရကို ခိုင်လုံသောအထောက်အထားဖြင့် ရေးပါ။

**ဖြေ။** ယဝကာရာစ သုတ်မှ ယအက္ခရာသာ လိုက်လာသောကြောင့် ပသညအရ ဣလဝဏ်ကိုသာ ယူရပါသည်။

စသဒ္ဒါသည် ရတ္တောစသောပြယုဂ်တို့၌ ယ -အပြုကို တားမြစ်ရခြင်းအကျို

http://www.dhammadownload.com



ရှိပါသည်။

## ဂါဝသေ

**မေး။** ဤသုတ်ကို ပုဒ်ခွဲပြ၍ သုတ်နက်ပေးခဲ့ပါ။

**ဖြေ။** ဂါဝသေ သည် ဂေါတစ်ပုဒ်, အာဝတစ်ပုဒ် ,သေတစ်ပုဒ်ဟူ၍ သုံးပုဒ်ရှိပါသည်။

သေ–သဝိဘတ်ကြောင့်၊ ဂေါ– ‌ေ ‌ာဒ္ဒါ၏အစိတ်သြသည်၊ အာဝ–အာဝအပြုသည်၊ ဟောတိ–ဖြစ်၏။

## ယောသု စ

**မေး။** ဤသုတ်၌ စသဒ္ဒါအကျိုးကို ရေးပါ။

**ဖြေ။** စသဒ္ဒါဖြင့် နာ ,သ္မာ ,သ္မိံ ,သု ဝိဘ ်တို့ကြောင့် ဂေါ၌ သြကို အာဝ ပြုရခြင်းအကျိုးရှိပါသည်။

## အဝမှိ စ

**မေး။** စသဒ္ဒါအကျိုးကို ရေးပါ။

**ဖြေ။** စသဒ္ဒါဖြင့် ယော ,နာ ,သ ,သ္မာ ,သ္မိံ ,သု ဝိဘတ်တို့ကြောင့် ဂေါ၌ သြကို အဝ–ပြုရခြင်းအကျိုးရှိပါသည်။

## အာဝဿု ဝါ

**မေး။** အာဝဿ ဟု သာမညဆိုသောကြောင့် အာဝသဒ္ဒါကို ဥ–ပြုရမည်ဟု မှတ်ရပါမည်လော။

**ဖြေ။** အာဝဿသဒ္ဒါသည် အာဝဿ–အ= အာဝ ဟူသောဝိဂြိုဟ်အရ အာဝပုဒ် ,အ–ပုဒ်စပ်ထားသော သမာသ်ပုဒ်ဖြစ်ရကား အာဝသဒ္ဒါ၏ အစိတ် အ–ကိုသာ ဥပြုရပါသည်။

http://www.dhammadownload.com



## တတော နု မံ ပတိမှာ လုတ္တေ့စ သမာသေ

**မေး။** ဤသုတ်၌ စသဒ္ဒါ၏ အကျိုးကို ရေးပါ။

**ဖြေ။** ဤသုတ်၌ စသဒ္ဒါသည် သမာသ်မဟုတ်သောအရာ၌လည်း အံ-အပြု, အဝ-အပြုတို့ကို စီရင်ရခြင်းအကျိုးရှိပါသည်။

**ဝုန္နံ ရုပ်ပြီးပုံ။** ။ဂေါ-တည်၊ နံဝိဘတ်သက်၊ သုဟိနာသုစသုတ်၌ စသဒ္ဒါဖြင့် ဂေါ-ကို ဂုပြု၊ နောစဒ္ဒါဒိတော နမှိသုတ်၌ စသဒ္ဒါဖြင့် နု-အက္ခရာလာ၊ နံသို့ ကပ်၊ ဂုန္နံပြီး၏။

### ပုလ္လိင်၌ သွင်းယူရသော သဒ္ဒါစု။

> ပုရိသော ဂုဏဝါ ရာဇာ၊ သာဂ္ဂိ ဒဏ္ဍီစ ဘိက္ခုစ။
> သဏ္ဍာ' ဘိဘူ စ သဗ္ဗညူ၊ ဂေါတိ ပုလ္လိင်္ဂသင်္ဂဟော။ (ရူပသိဒ္ဓိ)

## ဩသရေစ

**မေး။** ဤသုတ်၌ စသဒ္ဒါ၏ အကျိုးကို ရေးပါ။

**ဖြေ။** ဘုဝိ , ပသဝေါ စသောပြယုဂ်တို့၌ ဥဝဏ်ကို ဥဝ ,အဝပြုရခြင်း အကျိုးရှိပါသည်။

## တဗ္ဗိပရိတူပပဒေ ဗျဉ္ဇနေ စ

**မေး။** ဥပပဒေ ၌ ပဒအရ ,ဥပပဒအရတို့ကို ခွဲခြား ကောက်ပြ၍၊ စသဒ္ဒါ၏အကျိုးကိုလည်း ရေးခဲ့ပါ။

**ဖြေ။** ပဒအရ= နာမ်ပုဒ် ,အာချာတ်ပုဒ်တို့ကို ရပါသည်။

ဥပပဒအရ= နာမ်ပုဒ်, အာချာတ်ပုဒ်၏အနီး၌ဖြစ်သော အဝသဒ္ဒါရ၏။

စသဒ္ဒါသည် အချို့သောပြယုဂ်၌ ဝိပရိတ်အပြုကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com



## သုပဟိနာသုစ

**မေး။** ဤသုတ်၌ စသဒ္ဒါဖြင့်ယူရမည့် ဝိဘတ်တို့ကို ရေတွက်ပြပါ။

**ဖြေ။** သိ, ယော, အံ, ယော, သ, သွာ, သ, သို့ ဝိဘတ်ရှစ်လုံးတို့ကို ယူရပါသည်။

## သရလောပေါ 'မာဒေသပစ္စယာဒိမှိ သရလောပေ တု ပကတိ

**မေး။** သရလောပေါ 'မာဒေသပစ္စယာဒိမှိ တု ပကတိဟုသုတ်တည်လျှင် ပြီးနိုင်ပါလျက် "သရလောပေ"ဟု အဘယ်ကြောင့် ထပ်ဆိုရပါသနည်း။

**ဖြေ။** ဤသုတ်ဖြင့်ပြုအပ်သော သရလောပနိမိတ်ကြောင့်သာ ပကတိ ပြုခြင်းအကျိုးငှါ သရလောပေ ဟု ထပ်ဆိုရပါသည်။

**မေး။** နောက်သရကို ပကတိပြုခြင်းဖြင့် အဘယ်အဓိပ္ပါယ်ကို သိနိုင်ပါ သနည်း။

**ဖြေ။** နောက်သရကို ပကတိပြုခြင်း၏အစွမ်းသတ္တိကြောင့် နှောင်းသော အာဒေသ, ပစ္စည်းစသည်တို့သည် သရပါရှိကြောင်း သိသာထင်ရှားနိုင် စေပါသည်။

**မေး။** အာဒေသပစ္စယာဒိမှိ ၌ ပစ္စယအရ ပစ္စည်းတို့ကိုသာ ယူရပါသလော ရေး၍၊ အာဒိသဒ္ဒါအရကိုလည်း ထုတ်ပြပါ။

**ဖြေ။** ပစ္စယသဒ္ဒါဖြင့် တိ–စသော အာချာတ်ဝိဘတ်တို့ကိုလည်း ယူရပါ သည်။ အာဒိသဒ္ဒါဖြင့် အာချာတ်, ကိတ်တို့၌ အာဂုမ်ကို ယူရခြင်းအကျိုးရှိပါသည်။

http://www.dhammadownload.com



**မေး။** အာဒေသပစ္စယာဒိမှ၌ အာဒေသအရ အဘယ်ကိုယူရပါမည်နည်း။

**ဖြေ။** အာဒေသသည် ပကတိလိင်ဓာတ်နောက်၌ သိဝိဘတ်ကိုသြပြုခြင်း ယောဝိဘတ်ကို ဧပြုခြင်း, စသော ဝိဘတ်ပစ္စည်းတို့၏ အာဒေသ၊ အဘိကို အဇ္ဈပြုခြင်း, ဗြူဓာတ်ကို အာဟပြုခြင်း စသော ပကတိလိင် ဓာတ်ကိုပင် ပြုသောအာဒေသ, အမျိုးမျိုးရှိရာ ဤ၌ ပစ္စယသဒ္ဒါနှင့် တကွဖြစ်သောကြောင့် အာဒေသအရ ပကတိလိင်ဓာတ်မှနောက်ဖြစ် သော ပစ္စည်း, ဝိဘတ်၏အပြုအာဒေသကိုသာ ယူရပါသည်။

**မေး။** ဤသုတ်၌ တုသဒ္ဒါ၏အကျိုးကို ရေးပါ။

**ဖြေ။** တု သဒ္ဒါသည် ဘိက္ခုနီစသောပြယုဂ်တို့၌ ရှေ့သရချေခြင်းကို တား မြစ်ခြင်း အကျိုးရှိပါသည်။

## သရူပါနံ မေကသေသွသကိံ

**မေး။** သရူပါနံ ဟူသောပုဒ်ဖြင့်ပင် တစ်ကြိမ်မက နှစ်ကြိမ်စသည်ဖြစ် ကြောင်း ပြပြီးပါလျက် အဘယ်အကျိုးငှါ အသကိံ သဒ္ဒါကို ထပ်ဆိုရပါ သနည်း။

**ဖြေ။** ဝိဘတ်တစ်မျိုးတည်းရှိသော ပုဒ်တို့၏ တစ်ကြိမ်မကသော ပြယုဂ် ၌သာ ဧကသေသ်ပြုရမည်ဟု ပြရခြင်းအကျိုးရှိပါသည်။

**မေး။** ဝိဘတ်တူသက်ရာပုဒ်တိုင်းကို ဧကသေသ်ပြုရပါမည်လော။

**ဖြေ။** ဝဂ္ဂေ ပဉ္စပဉ္စသော မန္တာသုတ်၌ ပဉ္စပဉ္စသော ဟူသောပုဒ်ကို ညွှန်ပြ ခြင်းဖြင့်ပင်လျှင် ဧကသေသ်မလုပ်ရသော ဝိစ္ဆာပြယုဂ်များကို သိစေ အပ်သောကြောင့် ၄င်းဝိစ္ဆာပြယုဂ်များ၌ ဧကသေသ်မလုပ်ရပါ။

11
A

http://www.dhammadownload.com



*(တနည်း)* ကေသေသ်ပြုခြင်းသည် ဝဒန္တပုဂ္ဂိုလ်၏ ပြောဆိုလိုရာဖြစ်သော ပြုအပ်သောကြောင့် ဝိစ္ဆာပြယုဂ်များ၌ ကေသေသ်မလုပ်ရပါ။

**မေး။** သုတိတုပုဒ်များကိုသာ ကေသေသ်ပြုနိုင်ပါသလော။

**ဖြေ။** "မာတာ စ ပိတာ စ ပိတရော "စသောပြယုဂ်တို့၌ "ကေသေသွ သကီ" ဟူသောယောဂဝိဘာဂဖြင့် သုတိမတူသော မာတုစသောပုဒ်ကို ချေ၍ ကေသေသ်ပြုနိုင်ပါသေးသည်။

### အယောရဿ မေကာဝစနယောသွပိစ

**မေး။** ဤသုတ်၌ အပိသဒ္ဒ၏အကျိုးကို ရေးပါ။

**ဖြေ။** ဤသုတ်၌ အပိသဒ္ဒါသည် သိဝိဘတ်ကြောင့် ရဿအပြုကို တားမြစ်ရခြင်းအကျိုးရှိပါသည်။

### န သိ သ္မိ မ နပုံသကာနိ

**မေး။** အဘယ်ကို အဘယ်ကြောင့် လိင်ဟုခေါ်ပါသနည်း။

**ဖြေ။** သန့်ရှင်းသောအခြင်းအရာဟူသော ဝိသဒါကာရ, မသန့်ရှင်းသော အခြင်းအရာဟူသော အဝိသဒါကာရ, သန့်ရှင်းမှု+မသန့်ရှင်းမှုနှစ်ပါးစုံမှ လွတ်သောအခြင်းအရာဟူသော နေဝဝိသဒါ နာဝိသဒါကာရ ဤသုံးမျိုးတို့ကို ပုလ္လိင်,ဣတ္ထိလိင်, နပုလ္လိင်ဟုသိခြင်း၏အကြောင်းဖြစ်သောကြောင့် လိင်ဟုခေါ်ပါသည်။

**မေး။** အယောရဿမေကာဝစနယောသွပိစသုတ်၌ အပိသဒ္ဒါဖြင့် ရဿမပြုရဟု တားမြစ်ပြီးပါလျက် အဘယ်အကျိုးငှါ ဤသုတ်ကို ထပ်ဆိုရပါ

http://www.dhammadownload.com



သနည်း။

**ဖြေ။** အပိသဒ္ဒါဖြင့် မည်သည့်လိင်, မည်သည့်ဝိဘတ်ကြောင့် တားမြစ်သည်ဟု သတ်မှတ်ချက်မရှိသည့်အတွက် ဣတ္ထိလိင်, ပုလ္လိင်ဝယ် သိငိဘတ်ကြောင့် ရဿမပြုရဟု သတ်မှတ်ခြင်းအကျိုးငှါ ဤသုတ်ကို ဆိုရပါသည်။

## ဥဘာဒိတော နှ မိန္နံ

ဒွိစသော သချ်ာသဒ္ဒါတို့သည် သချ်ာအနက်, သချေ်ယျအနက်တို့ကို ဟောကုန်၏။

ဥဘသဒ္ဒါသည် များသောအနက်တို့ကို ဟောကုန်သောကြောင့် အမြဲ ဗဟုဝုစ်ဝိဘတ်အဆုံးရှိကုန်၏။

## ဣဏ္ဏမိဣန္နံ တီဟိ သချ်ာဟိ

**မေး။** တိဿန္နံ ,တိဿဏ္ဏံပြယုဂ်နှစ်မျိုးတို့တွင် တစ်မျိုးတည်းသာ ရှိသင့်သလော/ နှစ်မျိုးလုံးရှိသင့်သလော ရူပသိဒ္ဓိအဆိုအရ ရေးခဲ့ပါ။

**ဖြေ။** တိ+နံဟု ဝိဘတ်သက်ပြီးနောက် ဒ္ဒေါစဒ္ဓါဒိတော နမိုသုတ်၌ စသဒ္ဒါဖြင့် သံ–လာ၍.“တိဿန္နံ” ဟုသာရှိသင့်ပါသည်။

တိ နှင့် နံ တို့၏အကြား၌ သံသဒ္ဒါခြားနေသောကြောင့် နံဝိဘတ်ကို ဏ္ဏံမပြုနိုင်သည်အတွက် “တိဿဏ္ဏံ” ဟုမရှိသင့်ပါ။

**စတဿန္နံ ရုပ်ထုး။** ။စတု +နံ= ဒ္ဒေါစဒ္ဓါဒိတော နမို၌ စသဒ္ဒါဖြင့် သံ– လာ၊ တေသုဝုတ္တိသုတ်ကြီးဖြင့် စတု၌ ဥ–ကို အ–ပြု၊

*(မှတ်ချက်)* ကစ္စည်း ပဉ္စာဒီနမတ္တံသုတ်၌ တစ်မျိုးတွက်ပြထားသည်။

## ယောသု ကတနိကာရလောပေသု ဒီဃံ

**မေး။** ကတနိကာရလောပေသုပါဌ်အရ ကတနိကာရကြောင့် ဒီဃပြုသောပြယုဂ်၊ ကတလောပကြောင့် ဒီဃပြုသောပြယုဂ်တို့ကို ထုတ်ပြပါ။

http://www.dhammadownload.com



**ဖြေ။** အင်္ဂိစသောပြယုဂ်တို့၌ ကတာလောပကြောင့် ဒီဃပြုပါသည်။ စိတ္တာနိစသောပြယုဂ်တို့၌ ကတနိကာရကြောင့် ဒီဃပြုပါသည်။

## သုနံဟိသုစ

**မေး။** ဤသုတ်၌ စသဒ္ဒါအကျိုးကို ရေးခဲ့ပါ။

**ဖြေ။** အင်္ဂိ, ဘ်ကျွစသောပြယုဂ်တို့၌ ဣအက္ခရာ, ဥအက္ခရာတို့၏ ဒီဃအပြုကို အချို့၌ တားမြစ်ရခြင်းအကျိုးရှိပါသည်။

## ပဉ္စာဒီန မတ္တံ

**မေး။** ဤသုတ်ဖြင့် အ–ကို အ–ထပ်ပြုရခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။

**ဖြေ။** သုဟိသွကာရော သေုတ်ဖြင့် ဧ–အပြုကိုငှင်း၊ သုနံဟိသုစသုတ်ဖြင့် ဒီဃအပြုကိုငှင်း၊ တားမြစ်ရခြင်းအကျိုးရှိပါသည်။

## ပတိဿိနီမှိ

**ဂဟပတာနီ ရုပ်တွက်ပုံ။**

ဂဟပတိ တည်၊ ပတိဘိက္ခု(ပ)ဣနီသုတ်ဖြင့် ဣနီပစ္စည်းသက်၊ ဤသုတ်ဖြင့် ပတိ၌ ဣ–ကို အ–ပြု၊ ဝါပရော အသရူပါ သုတ်ဖြင့် ဣနီ၌ ဣ–ကိုချေ၊ ပုမ္ဘာစ သုတ်ဖြင့် ရှေ့အ–ကို အာ–ဒီဃပြု၊ နာမ်ငဲ့ သိစသော ဝိဘတ်များသက်၍ ဘိက္ခုနီသဒ္ဒါကဲ့သို့ ပဒမာလာစဉ်ရမည်။

**ပေါက္ခရဏီရုပ်။**

ပေါက္ခရီတည်၊ ဣနီပစ္စည်းသက်(ပေါက္ခရီ+ဣနီ)၊ ရခွင်း ,ချေကပ်၊ ပေါက္ခရီနီ၊ တေသုဝုတ္တိသုတ်ကြီးဖြင့် ရိ၌ ဣကို အ–ပြု , န–ကို ဏပြု

http://www.dhammadownload.com



နာမ်ငဲ့၊ သိစသောဝိဘတ်သက်၍ ပေါက္ခရဏီ၊ ပေါက္ခရဏီ၊ ပေါက္ခရညော၊ ပေါက္ခရဏီယောစသည်ဖြင့် ဘိက္ခုနီသဒ္ဒါအတိုင်း ပဒမာလာစဉ်ပါ။ (မှတ်ချက်) သ္မာဝိဘတ်၌ အမာပတောသုတ်ရင်း ဖြင့်၄င်း၊ နာ, သ,သ ဝိဘတ်တို့၌ အာပတောဟူသော ယောဂဝိဘာဂ ဖြင့်၄င်း ပေါက္ခရညာရုပ်/ သ္မိံ ဝိဘတ်၌ အမာပတောသုတ်ရင်းဖြင့် ပေါက္ခရညံရုပ်များပြီးနိုင်၏။

**ပေါက္ခရညောရုပ်တွက်ပုံ။**

ပေါက္ခရဏီတည်၊ ယောဝိဘတ်သက်၊ တတောယော်နမောတုဉ္စ၌ တုသဒ္ဒါဖြင့် ယော–ကို ဩပြု၊ ပသညဿစသုတ်ဖြင့် ဏီ၌ ဤကို ယ–ပြု၊ ယဝတံသုတ်၌ ကာရသဒ္ဒါဖြင့် ဏျကို ဉ–ပြု၊ ဒွေဘော်လာ၊ ည–ကို ဩသို့ကပ်၊ ပေါက္ခရညောပြီး၏။

*မေး။* ဣတ္ထိလိင် ဂေါသဒ္ဒါနှင့် ပုလ္လိင် ဂေါသဒ္ဒါတို့ ရုပ်အထူးရှိ/ မရှိ ရူပသိဒ္ဓိအလိုကျ ရေး၍၊ ပုလ္လိင် ဂါဝီသဒ္ဒါရုပ်ပြီးပုံကိုလည်း ရေးခဲ့ပါ။

*ဖြေ။* ဣတ္ထိလိင်ဂေါ+ ပုလ္လိင်ဂေါတို့ ရုပ်ထူးခြားမှုမရှိပါ၊ ဣတ္ထိလိင်ဂေါ သဒ္ဒါကို ပုလ္လိင်ဂေါသဒ္ဒါကဲ့သို့ ပဒမာလာစဉ်ပါ။

**ပုလ္လိင် ဂါဝီရုပ်တွက်ပုံ။**

ဂါဝီကို ဂေါတည်၊ သိဝိဘတ်သက်၊ ဂါဝသေသုတ်၌ ဂါဝဟူသော ယောဂဝိဘာဂဖြင့် အာဝပြု၊ သက်ကြီးဖြင့် သိဝိဘတ်ကို ဤ–ပြု၊

## နပုံသကလိင် ယောသုစ

*မေး။* ဤသုတ်၌ပါသော စသဒ္ဒါနှင့် အန္တသဒ္ဒါတို့၏ အကျိုးကို ရေးပါ။

*ဖြေ။* စသဒ္ဒါသည် အံ, နာ, သ္မာ, သ္မိံ ဝိဘတ်တို့ကြောင့် နပုံသကလိင် အစိတ် ဉ–ကို အ–ပြုရခြင်းအကျိုးရှိပါသည်။

အန္တသဒ္ဒါပိုဖြင့် ယောဝိဘတ်တို့ကို အချို့ ဣ– ပြုရခြင်းအကျိုးရှိပါသည်။

http://www.dhammadownload.com



## သိမ္ဓိ ဝါ

**မေး။** သမ္ဗဿ ဝါ အံသေသုသုတ်၌ ဝါသဒ္ဒါပါပြီးဖြစ်ပါလျက် ဤသုတ်၌ ဝါ သဒ္ဒါထပ်၍ ဆိုရခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

**ဖြေ။** ဝါသဒ္ဒါကို ထပ်၍ဆိုခြင်းသည် ဟိမဝန္တုသဒ္ဒါမှတစ်ပါး အခြားသော သဒ္ဒါတို့၌ အ-အပြုကို တားမြစ်ရခြင်းအကျိုးရှိပါသည်။

ငင်းဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထို့ကြောင့် ဂုဏဝန္တုသဒ္ဒါစသည်တို့၌ သိဝိဘတ်ဖြင့် ဂုဏဝန္တော စသည်ရုပ်မရှိနိုင်

## မာတုလာဒီနံ မာနတ္တမီကာရေ

**မေး။** နမ္ဒောကို ရူပသိဒ္ဓိနည်း ,ကစ္စည်းနည်းတို့ဖြင့် ရုပ်တွက်ပြပါ။

**ဖြေ။** နမ္ဒောကို နဒီတည်၊ ယောဝိဘတ်သက်၊ တတော ယောနမောတု ၌ တုသဒ္ဒါဖြင့် ယော-ကို ဩပြု၊ ၁သညာသာစသုတ်ဖြင့် ဒီ-၌ ဤကို ယ-ပြု၊ ယဝတံသုတ်ဖြင့် ဒျကို ဇ-ပြု၊ ဒွေဘော်လာ၊ ဒွကို ဩသို့ကပ်၊ နမ္ဒော ပြီး၏။ *(ရူပသိဒ္ဓိနည်း)*

(တနည်း) နဒီတည်၊ ယောပိဘတ်သက်၊ မာတုလာဒီနံ မာနတ္တမီ ကာရေသုတ်၌ အာနတ္တသဒ္ဒါဖြင့် နဒီ၌ ဒီကို ယောဝိဘတ်နှင့်တကွ ဓော့ပြု၊ နမ္ဒောပြီး၏။ *(ကစ္စည်းနည်း)*

**မေး။** နမ္ဒောကို ရူပသိဒ္ဓိဆရာနည်းအတိုင်း ရုပ်ပြီးနိုင်ပါလျက် ကစ္စည်း, ဝုတ္တိ၌ အာနတ္တသဒ္ဒါဖြင့် ရုပ်ပြီးပုံကို ပြရခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။

**ဖြေ။** အတြဇ ,သုဂတစသောပြယုဂ်တို့၌ကဲ့သို့ နမ္ဒောသဒ္ဒါ၏ တစ်နည်း တစ်ဖုံ ရုပ်ပြီးပုံကို ပြရခြင်းအကျိုးရှိပါသည်။

http://www.dhammadownload.com



**ပုထစီရှပ်ပြီးပုံ။** ။ပုထုတည်၊ နဒါဒိတော ဝါ ဤ သုတ်ဖြင့် ဤပစ္စည်းသက်၊ သြသံရေစသုတ်၌ စသဒ္ဒါဖြင့် ထုဥ္ဓ ဥ–ကို အဝပြု၊ ထ ကို အ–သို့ကပ်၊ ဝ–ကိုခွင်း ချေ ကပ်၊ နာမ်ငဲ့ သိသက်၊ သိကို ချေ၊ ပြီး၏။

**ဣတ္ထိလိင် ဂါဝီသဒ္ဒါရှပ်ပြီးပုံ။**

ဂေါတည်၊ နဒါဒိတော ဝါ ဤဖြင့် ဤပစ္စည်းသက်၊ သုတ်ကြီးဖြင့် သော်၄င်း၊ ဂါဝသေ၌ ဂါဝဟူသော ယောဂဝိဘာဂဖြင့်သော်၄င်း၊ ဂေါ၌ ဩကို အာဝပြု၊ ဝ–ခွင်း ချေ ကပ်၊ နာမ်ငဲ့ သိဝိဘတ်သက်၍ ဂါဝီ ပြီး၏။ (ဣတ္ထိသဒ္ဒါအတိုင်း ပဒမာလာစဉ်ပါ)

***(မှတ်ချက်) ပုလ္လိင် ဂါဝီသဒ္ဒါ ရှပ်ပြီးပုံ အထက်မှာ ရေးခဲ့ပြီ***

## သော

**မေး။** သုတ်၌ သိဟု ပဋ္ဌမာဝိဘတ်–းသောကာရီပုဒ်ဖြစ်ပါလျက်"သိဝစန သ" ဟုဆဋ္ဌီဝိဘတ်ဖြင့် ဖွင့်ဆိုခြင်းသည် သင့်လျော်နိုင်ပါမည်လော။

**ဖြေ။** ပဌမာဝိဘတ်ဆုံးသောကာရီပုဒ်များကို ဆဋ္ဌီဝိဘတ်ဖြင့် ပြောင်းလဲ ဖွင့်ခြင်းသည် အာဒေသကိုငဲ့၍ဖွင့်ခြင်းဖြစ်သောကြောင့် သင့်လျော်ပါသည်။

**မေး။** သိဟူသောပုဒ်ဖြင့် သိဝိဘတ်ကို အဘယ်ကြောင့် ယူရပါသနည်း။

**ဖြေ။** ဝိဘတ်အပြုကိုစီရင်သောအရာဌာနဖြစ်သောကြောင့်၄င်း၊ တတော စ ဝိဘတ္တိယော သုတ်မှ ဝိဘတ္တိသဒ္ဒါလိုက်လာသောကြောင့်၄င်း၊ ဝိဘတ် ဖြစ်သော သိကိုသာ ယူရပါသည်။

*********************

http://www.dhammadownload.com



## သမ္ဗာ ယောနိနုမာဝ

**မေး။** ဤသုတ်၌ သမ္ပသဒ္ဒါထည့်ဆိုခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

**ဖြေ။** သမ္ပသဒ္ဒါသည် ဤသုတ်ဖြင့်အာ+ပြေရာ၌ ယောဝိဘတ်နှင့် နိအပြု တို့၏အစိတ်ဖြစ်သော ယော၌ ဩ , နိ၌ ဣကို အာ+ပြေရသည် မဟုတ်၊ အလုံးစုံသော ယော+နိတို့ကို အာ, ပြေရခြင်းအကျိုးရှိပါသည်။

**မေး။** ဤသုတ်၌ ဝါသဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်တို့ကို ရေးပါ။

**ဖြေ။** ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။
ထိုဝါသဒ္ဒါဖြင့် ပုလ္လိင်၌ အမြဲ အာ+ပြေရခြင်း နိစ္စဝိဓိ၊ နပုလ္လိင်၌ အာ+အပြု မမြဲခြင်း အနိစ္စဝိဓိ၊ ရှုမည်သော ဣသရကို အ–ပြု သော အဂ္ဂယော, မုနယော, စသောပြယုဂ်တို့၌ အာ+မပြေရခြင်း အသန္တဝိဓိတို့ကို ပိုင်းခြားသတ်မှတ်ပြပါသည်။

## တယော နေဝဝ သမ္ဗနာမေဟိ

**မေး။** ဤသုတ်ဖြင့် အဘယ်သုတ်တို့၏ အစီအရင်ကို တားမြစ်ပါသနည်း။

**ဖြေ။** သွာသွိံနံ ဝါသုတ်နှင့် အာယစတုတ္ထေကဝစနဿတ္ထ သုတ်တို့၏ အစီအရင်ကို တားမြစ်ပါသည်။

**မေး။** ဤသုတ်၌ စသဒ္ဒါ၏ အကျိုးကိုရေးပါ။

**ဖြေ။** စသဒ္ဒါသည် ပုဗ္ဗစသောသဗ္ဗနာမ်ပုဒ်အချို့တို့၌ သွာသွိံ ဝိဘတ်တို့၏ အာ+အပြုကို တားမြစ်ခြင်းကို နစ်စေခြင်းအကျိုးရှိပါသည်။

**မေး။** ဤသုတ်၏အစီအရင်များကို "ဝေလည်းထိုင်, စလည်းထိုင်, လုံကိုင်

http://www.dhammadownload.com



ခွေးခေါ်နည်း” ဟူသောနိယံဖြင့် ရှင်းပြပါ။

**ဖြေ။** ဤသုတ်၌ ဧဝသဒ္ဒါဖြင့် သွာ, သို , သဝိဘတ်တို့၏ အာ+ဧ+အာယ အပြုကို တားမြစ်ရာ၌ နိုင်မြဲစေသောကြောင့် လုံကိုင်သည်နှင့်တူပါသည်။ စသဒ္ဒါဖြင့် သွာ, သို ဝိဘတ်တို့၏ အာ+ဧအပြုကို အချို့ပြယုဂ်တို့၌ ခွင့်ပြုပြန်သောကြောင့် ခွေးခေါ်သည်နှင့်တူပါသည်။

## သခတော ဂဿေ ဝါ

**မေး။** ဤသုတ်ပါ ဝါသဒ္ဒါ၏အကျိုးကို ရေးပါ။

**ဖြေ။** ဝါသဒ္ဒါဖြင့် သခသဒ္ဒါမှတပါးသော ဘဒ္ဒန္တ, ဣသိစသောသဒ္ဒါတို့မှ နောက်၌လည်း ဂ–အမည်ရှိသောသိဝိဘတ်ကို ရံခါ ဧ–ပြုရခြင်းအကျိုး ရှိပါသည်။

(မှတ်ချက်) ဂဿေ ကို ဂဿ အ,အာ,ဣ,ဤ,ဧ ဟုပုဒ်ဖြတ်ပါ။

## န အမ္မာဒိတော

**မေး။** ကညာသဒ္ဒါမှထူးသော အမ္မာစသောသဒ္ဒါတို့၏ ရုပ်အထူးတို့ကို ရေးပါ၊

**ဖြေ။** ကညာသဒ္ဒါ၌ ဃတေစသုတ်ဖြင့်“ဘောတိ ကညေ”ဟုရှိသော်လည်း အမ္မာစသောသဒ္ဒါ၌ကား န အမ္မာဒိတောသုတ်ဖြင့် တားမြစ်ထားသည် အတွက် အာလုပ်ဝိဘတ်၌ “ဘောတိ အမ္မ”ဟုသာရှိရပါသည်။

## အကတရဿာ လတော ယွာလပနဿ ဝေဝေါ

**မေး။** ဘိက္ခုသဒ္ဒါမှထူးသော ဟေတု, ဇန္တုသဒ္ဒါတို့၏ ပဒမာလာကို ရေးခဲ့ပါ။

12
A

http://www.dhammadownload.com



**ဖြေ။** **ဟောတုသဒ္ဒါ၏ ပဒမာလာ။**

ဟောတု ၊ဟောတူ ၊ဟောတဝေါ ၊ဟောတုယော။(ပဌမာ)

ဘောဟောတု ၊ဘောန္တော ဟောတူ ၊ဟောတဝေ ၊ဟောတဝေါ(အာလုပ်)

ဟောတုံ ၊ဟောတူ ၊ဟောတဝေါ ၊ဟောတုယော။ (ဒုတိယာ)

**ဓန္တုသဒ္ဒါ၏ ပဒမာလာ**

ဓန္တု ၊ ဓန္တူ ၊ ဓန္တဝေါ ၊ ဓန္တုနော ၊ ဓန္တုယော ။(ပဌမာ)

ဘော ဓန္တု ၊ ဘောန္တော ဓန္တူ ၊ ဓန္တဝေ ၊ ဓန္တဝေါ။ (အာလုပ်)

ဓန္တုံ ၊ ဓန္တူ ၊ ဓန္တဝေါ။ (ဒုတိယာ)

## လတော ဝေါကာရော စ

**မေး။** ဤသုတ်၌ "လတော ဝေါစ"ဟုသုတ်တည်လျှင် ပြီးပါလျက် "ဝေါကာရော"ဟု ကာရသဒ္ဒါထည့်ဆိုခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

**ဖြေ။** ကာရသဒ္ဒါဖြင့် ယောဝိဘတ်တို့ကို နောပြုရခြင်းအကျိုးရှိပါသည်။ **(မှတ်ချက်)** စသဒ္ဒါသည် အချို့သောပြယုဂ်၌ ဝေါအပြုကို နစ်စေခြင်းအကျိုးရှိပါသည်။ (တနည်း) စသဒ္ဒါသည် ဈလတော သသ နောဝါ သုတ်မှ နောသဒ္ဒါကို လိုက်စေခြင်းအကျိုးရှိပါသည်။

**မေး။** ဤသုတ်သို့လိုက်လာသော ဝါသဒ္ဒါ၏အနက်နှင့် ထိုဝါသဒ္ဒါ၏ သတ်မှတ်ချက်တို့ကိုလည်း ရေးခဲ့ပါ။ H

**ဖြေ။** ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။

ထိုဝါသဒ္ဒါဖြင့် ဘိက္ခုစသောသဒ္ဒါတို့နောင် ယောဝိဘတ်တို့ကို အမြဲဝေါပြုရမည်(နိစ္စဝိဓိ)

ဟောတုစသောသဒ္ဒါတို့နောင် ယောဝိဘတ်တို့ကို ဝိကပ်အားဖြင့် ဝေါပြုရမည်(အနိစ္စဝိဓိ) 1

B

http://www.dhammadownload.com



အမှစသောသဒ္ဒါတို့နောင် ယောဝိဘတ်တို့ကို ဝေါ, နော လုံး၀မပြုရ (အသန္တဝိဓိ) ဟု သတ်မှတ်ပြပါသည်။

နာမ် ပဋ္ဌမပိုင်း ပြီး၏

## နာမ် ဒုတိယကဏ္ဍ

### မယံ ယောမှိ ပဋ္ဌမေ

**မေး။** တုမှအမှသဒ္ဒါတို့သည် လိင်သုံးပါးတို့၌ အဘယ်ကြောင့် ရုပ်အထူးမရှိဘဲ တူကြပါသနည်း။

**ဖြေ။** အ,လိင်များဖြစ်ကြသောကြောင့် ရုပ်အထူးမရှိဘဲ တူကြပါသည်။

**မေး။** မိမိဟူသည် တစ်ယောက်တည်း, တစ်ခုတည်းသောအနက်ဖြစ်ပါလျက် အဘယ်ကြောင့် "မယံ "ဟု ဗဟုဝုစ်သုံးစွဲရပါသနည်း။

**ဖြေ။** တစ်ယောက်တည်းဖြစ်သော်လည်း လေးစားခြင်း, များစွာမြတ်နိုးခြင်းဖြင့် များသည်၏အဖြစ်ကို တင်စားသောကြောင့် "မယံ"ဟု ဗဟုဝုစ်သုံးစွဲပါသည်။

### အမှဿာဒုံ

**မေး။** ဤသုတ်၌ဖြစ်သင့်သော ယော်ဂဝိဘာဂကို ပြယုဂ်နှင့်တကွရေးပါ။

**ဖြေ။** အဒုဿဟူသောပြယုဂ်၌ အမှဿာဒုံဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် သဝိဘတ်ကြောင့် အဒုံပြုနိုင်ပါသည်။

ရုပ်တွက်ပုံ။ ။အမှတည်၊ သဝိဘတ်သက်၊ ယောဂဝိဘာဂဖြင့် သဝိဘတ်ကြောင့် အဒုံပြု၊ ဗျဥ္ဇနေစဖြင့် နိဂ္ဂဟိတ်ကိုမချ၊ သ–လာ၊ သ–သို့ကပ် အဒုဿပြီး၏။

http://www.dhammadownload.com



## ယောသုဒ္ဓိနွဲ့ ဒွေစ

**မေး။** စသဒ္ဒါ၏အကျိုးကိုရေး၍၊ ဒွိသဒ္ဒါတစ်ခုတည်းဖြစ်ပါလျက် ဒွိသဟု ကေဝုစ်ဖြင့်မဆိုဘဲ ဒွိန္နံဟု ဗဟုဝုစ်ဖြင့်ဆိုခြင်း၏အကျိုးကိုရေးပါ။

**ဖြေ။** စသဒ္ဒါဖြင့် နံဝိဘတ်ကြောင့် ဒွေဝေပြုရခြင်း, အချို့ပြယုဂ်၌ ဒုဝိပြုရခြင်းအကျိုးရှိပါသည်။

ဒွိန္နံဟု ဗဟုဝုစ်ဖြင့်ဆိုခြင်းသည် ဒွိသဒ္ဒါမှနောက်၌ ဗဟုဝုစ်ဝိဘတ်ချည်းသာသက်ရ၏ဟု သိစေရခြင်းအကျိုးရှိပါသည်။

## ပဉ္စာဒိနမကာရော

**မေး။** ပဉ္စစသောသချာသဒ္ဒါနောင် ဣတ္ထိလိင်ဟောပစ္စည်းများ အဘယ်ကြောင့် မသက်ရပါသနည်း။

**ဖြေ။** အ–လိင်ဖြစ်သောကြောင့် ပဉ္စစသောသချာနောင် ဣတ္ထိလိင်ဟောပစ္စည်းများမသက်ရပါ။

***(မှတ်ချက်)*** ပဉ္စအစ အဋ္ဌာရသအဆုံးရှိသောသချာသဒ္ဒါတို့သည်၎င်း၊ ကတိသဒ္ဒါသည်၎င်း၊ အ–လိင်ဖြစ်သောကြောင့် လိင်သုံးပါလုံး၌ ရုပ်အထူးမရှိ၊ အားလုံးတူညီရပါသည်။

**မေး။** ပဉ္စာဒိနံဟုဆိုသဖြင့် ပဉ္စစသော သဒ္ဒါတစ်ခုလုံးကို အ–ပြုရပါသလော၊ ရှင်းပြပါ။

**ဖြေ။** ပဉ္စာဒိနံ ၌ ဆဋ္ဌီဝိဘတ်သည် အဆုံး(အန္တ)ကိုငဲ့သောကြောင့် ပဉ္စသဒ္ဒါတစ်ခုလုံးကို မပြုရပါ၊ အဆုံး(အစိတ်=အန္တ) အ–ကိုသာ အ–ထပ်ပြုရပါသည်။

************

http://www.dhammadownload.com



**မေး။** ဤသုတ်ဖြင့် အ–ကို အ–ထပ်၍ပြုရခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။

**ဖြေ။** သဗ္ဗာ ယောနိနမာဓ သုတ်ဖြင့် အာ+အေပြုကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

## တဝမမ သေ

**မေး။** ဤသုတ်ဖြင့် တဝ,မမပြုခြင်းသည် နိစ္စဝိဓိဖြစ်သင့်ပါသလော, အနိစ္စဝိဓိဖြစ်သင့်ပါသလော။

**ဖြေ။** သဝိဘတ်နောင်းရာ၌ တေ+မေစသော အခြားအစီအရင်တစ်မျိုး ရှိသေးသောကြောင့် အနိစ္စဝိဓိသာ ဖြစ်သင့်ပါသည်။

## ပဒတော ဒုတိယာ စတုတ္ထီဆဋ္ဌီသု ဝေါနော

**မေး။** သုတ်၌ ဗဟုဝစနသဒ္ဒါမပါ ၊ ဝုတ္တိ၌ "ဒုတိယာစတုတ္ထီဆဋ္ဌီသု ဗဟု ဝစနေသု"ဟု အဘယ်ကြောင့် ဖွင့်ဆိုနိုင်ပါသနည်း။

**ဖြေ။** တေ မေကာ ဝစနေသုစ သုတ်၌"ဧကဝစနေသု"ဟု ဆိုလွှဲဖြစ်သော ကြောင့် ဤသုတ်၌ "ဗဟုဝစနေသု"ဟုဖွင့်ဆိုရပါသည်။

## တေမေကာဝစနေသုစ

**မေး။** ဤသုတ်ဖြင့် ဝေါ,နော,တေ,မေ မပြုရသောဌာနတို့ကို ပြယုဂ်နှင့် တကွ ရေးခဲ့ပါ။

**ဖြေ။** တဝမမဌ နဝါသုတ်မှ နဝါသဒ္ဒါလိုက်လာသောကြောင့် ဂါထာပါဒ ၏အစ၌၄င်း၊ စ,ဝါ,ဧဝ စသည်တို့နှင့် ယှဉ်ရာ၌ဌာနတို့၌၄င်း၊ ဝေါ,နော တေ,မေ မပြုရပါ။

http://www.dhammadownload.com



ပြယုဂ်ပုံစံ။ န သောစာမိ န ရောဒါမိ၊တဝ သုတွာန မာဏဝ။
တုယှဉ္စာပိ မဟာရာဇ၊ မယှဉ္စ ရဋ္ဌဝမှန။

ရှင်းလင်းချက်။ ။အထက်ပါဂါထာဝယ် တဝသည် ဂါထာ၏ဒုတိယပါဒ အစ ဖြစ်၍ ဧ–မပြုရ။ တုယှံ+မယှံသည် တတိယပါဒ,စတုတ္ထပါဒ ၏ အစဖြစ်သောကြောင့်၄င်း၊ စသဒ္ဒါတို့နှင့်ယှဉ်သောကြောင့်၄င်း၊ ထေ မေ မပြုရပါ။

## မဟာဝစနေသု ဝေါနော

**မေး။** ဤသုတ်၌ တတိယာမဟုဝုစ်ဝိဘတ်တစ်လုံးတည်းဖြစ်ပါလျက် မဟုဝစနေသုဟု မဟုဝုစ်သုဝိဘတ်ဖြင့် ညွှန်ပြရခြင်းအကျိုးကိုရေးပါ။

**ဖြေ။** သု–ဟုမဟုဝုစ်ဖြင့်ညွှန်ပြရခြင်းကြောင့် အချို့သောပြယုဂ်၌ ပထမာယောဝိဘတ်ကြောင့်လည်း ဝေါ+နောပြုရခြင်းအကျိုးရှိပါသည်

## ပုမန္တဿာ သိမှိ

**မေး။** ဤသုတ်၌ အန္တသဒ္ဒါ၏အကျိုးကို ရေးပါ။

**ဖြေ။** အန္တသဒ္ဒါဖြင့် မဃဝ,ယုဝသဒ္ဒါစသည်တို့၏ အဆုံး(အစိတ်)သရကို လည်း အာပြုရခြင်းအကျိုးရှိပါသည်။

## ဟိဝိဘတ္တိမှိ စ

**မေး။** ဤသုတ်၌ ဝိဘတ္တိသဒ္ဒါ, စသဒ္ဒါတို့၏အကျိုးကို ရေးခဲ့ပါ။

**ဖြေ။** ဝိဘတ္တိသဒ္ဒါသည် လိုက်လာသော သဝိဘတ္တိသဒ္ဒါကို နစ်စေရခြင်း အကျိုးရှိပါသည်။

စသဒ္ဒါဖြင့် ဝိဘတ်အားလုံးတို့ကြောင့် မဃဝ,ယုဝစသည်တို့၏ အဆုံး

http://www.dhammadownload.com



သရကို အချို့ အာနပြုရခြင်းအကျိုးရှိပါသည်။

## ဥ နာမိစ

**မေး။** ဤသုတ်၌ စသဒ္ဒါ၏အကျိုးကို ရေးပါ။

**ဖြေ။** စသဒ္ဒါပြင့် သဝိဘတ်, သ္မာဝိဘတ်တို့ကြောင့် ပုမ,ကမ္မ,ထာမသဒ္ဒါတို့၏အဆုံးသရကို အချို့ ဥ–ပြုရခြင်းအကျိုးရှိပါသည်။

## အကမ္မန္တသဿစ

**မေး။** ဤသုတ်၌ "အကမ္မသဿ စ"ဟုမဆိုဘဲ အန္တသဒ္ဒါထည့်ဆိုရခြင်းအကျိုးနှင့် စသဒ္ဒါထည့်ဆိုရခြင်းအကျိုးကို ရေးပါ။

**ဖြေ။** အန္တသဒ္ဒါပိုဖြင့် နာဝိဘတ်ကြောင့် ထာမ, အဒ္ဓသဒ္ဒါစသည်တို့၏အဆုံးသရကို ဥ–ပြုရခြင်းအကျိုးရှိပါသည်။

စသဒ္ဒါသည် နာ+သု ငိဘတ်တို့ကြောင့် မဃဝ,ယုဝသဒ္ဒါတို့၏အဆုံး အ–သရကို ဥ–ပြုရခြင်းအကျိုးရှိပါသည်။

နာမ် ဒုတိယပိုင်း ပြီး၏

## နာမ် တတိယကဏ္ဍ

### တုမ္ဟမှေဟိ နမာကံ

ဤသုတ်ဖြင့် နံဝိဘတ်ကို အာကံအပြုမှတစ်ပါး အံ–လည်းပြုနိုင်၏။

**အသွာကံရုပ်တွက်ပုံ။** ။အမှတည်၊ နံဝိဘတ်သက်၊ အာကံပြု၊ တေသု ဝုတ္တိသုတ်ကြီးဖြင့် အမှသဒ္ဒါကို အသွပြု၊ အာသို့ကပ်၊ အသွာကံပြီး၏။

## သဗ္ဗနာမကာရတေ ပဌမော

**မေး။** သဗ္ဗနာမ်ပုဒ်အားလုံးနှောင် ပဌမာယောဝိဘတ်ကို အမြဲ ဧ–ပြုနိုင်ပါ

http://www.dhammadownload.com



သလော၊ အထောက်အထားဖြင့် ရှင်းပြပါ။

**ဖြေ။** ဓာတုလိင်္ဂေဟိ ပရာ ပဉ္စယာသုတ်၌ ပထမာယောဝိဘတ်ကို အာပြု ထားသော"ပရာ"ဟူသောပုဒ်ကို ရှင်မဟာကစ္စည်းဆရာညွှန်ပြသော ကြောင့် ဤသုတ်ဖြင့် အမြဲ ေ–မပြုနိုင်ပါ၊ ပုဗ္ဗစသောသဒ္ဒါတို့နောင် ပထမာယောဝိဘတ်ကို တစ်ခါတစ်ရံ အာပြုနိုင်ပါသည်။

**မေး။** အာလုပ်ဝိဘတ်မသက်ရသော သဗ္ဗနာမ်ပုဒ်တို့ကို ထုတ်ပြ၍၊ တ, တေ,ဣမ,အမု,ကိံ သဒ္ဒါတို့၏ အနက်တို့ကိုလည်း ရေးခဲ့ပါ။

**ဖြေ။** ယ,တ, တေစသော နောက်ပိုင်းသဗ္ဗနာမ်ပုဒ်တို့၌ အာလုပ်ဝိဘတ် မသက်ရပါ၊ အာလုပ်ဝိဘတ်ဖြင့် ရုပ်မရှိနိုင်ပါ။

**တသဒ္ဒါ**= မျက်ကွယ်အနက်ကို ဟော၏၊

**တေသဒ္ဒါ**= အနီးအနက်ကို ဟော၏။

**ဣမသဒ္ဒါ**= အလွန်အနီးဟူသောအနက်ကိုဟော၏။

**အမုသဒ္ဒါ**= အဝေးအနက်ကို ဟော၏။

**ကိံ သဒ္ဒါ**= မေးမြန်းခြင်းအနက်ကိုဟော၏။

## သဗ္ဗဿိမဿေဝါ

**မေး။** ဤသုတ်၌ ဣမဿအရ အဘယ်လိင်၌ဖြစ်သော ဣမသဒ္ဒါကို ယူ သင့်ပါသနည်း၊ သာဓကယုတ္တိဖြင့် ဖြေဆိုပါ။

**ဖြေ။** ဇတိမာသမိသုတ်၌ကဲ့သို့ ဣတ္ထိလိင်ဟော အာပစ္စယန္တပုဒ်ဖြင့် မညွှန်ပြသောကြောင့်၎င်း၊ တဿ ဝါ နတ္တံ သဗ္ဗတ္ထသုတ်၌ကဲ့သို့ သဗ္ဗတ္ထ ဟုမဆိုသောကြောင့်၎င်း၊ ပုလ္လိင်, နပုလ္လိင်ဟော ဣမသဒ္ဒါကိုသာ ယူရ ပါသည်။

http://www.dhammadownload.com



## အနိမိနာမိစ

ဤသုတ်သည် ပုလ္လိင် ,နပုလ္လိင်အရာ၌သာ စီရင်ရပါသည်။

### အမုဿ မော သံ

**မေး။** ဤသုတ်၌ ဖြစ်သင့်သော ယောဂဝိဘာဂကို ပြယုဂ်နှင့်တကွ ရေးပါ။

**ဖြေ။** အမုဿမောသံဟူသောဝိနာဓိကာရယောဂဝိဘာဂဖြင့် အသုကော ပြယုဂ်၌ ကအာဂုမ်ကြောင့်လည်း သ–ပြုရခြင်းအကျိုးရှိပါသည်။

### သမ္ဗတော ကော

**မေး။** သမ္ဗတောသဒ္ဒါ၏ အကျိုးကို ရေးပါ။

**ဖြေ။** သမ္ဗတောသဒ္ဒါဖြင့် ဟိနစသောသဒ္ဒါတို့မှ နောက်၌လည်း က–အက္ခရာ လာရခြင်းအကျိုးရှိပါသည်။

### နေတာဟိ သ္မိ မာယယာ

**မေး။** တဿ ဝါ နတ္တံ သမ္ဗတ္ထသုတ်မှ လိုက်လာသော ဝါသဒ္ဒါ၏အကျိုးကို ရေးခဲ့ပါ။

**ဖြေ။** ဝါသဒ္ဒါဖြင့် ဒက္ခိဏာယ, ဥတ္တရာယစသောအချို့သောပြယုဂ်၌ သ္မိံ ဝိဘတ်ကို အာယပြုနိုင်ခြင်းအကျိုးရှိပါသည်။

**မေး။** ကတရစသောသဗ္ဗနာမ်တို့၏ အနက်နှင့် လိင်ကို ညွှန်ပြပါ။

**ဖြေ။** ကတရအစ အညတမအဆုံးရှိသောသဗ္ဗနာမ်ပုဒ်တို့သည် လိင် သုံးပါး၌ဖြစ်ကုန်၏။

1.5
A

http://www.dhammadownload.com



ထိုတွင် ကတရ, ကတမသဒ္ဒါတို့သည် မေးမြန်းခြင်းအနက်ကို ဟောကုန်၏၊ ဥဘယသဒ္ဒါသည် အစိတ်နှစ်ခုတို့၏ အပေါင်းကို ဟော၏။ ဣတရသဒ္ဒါသည် ဆိုပြီးသောအနက်၏ တွဲဘက်အနက်ကိုဟော၏။ အညသဒ္ဒါသည် ဆိုပြီးသောအနက်မှ အခြားတစ်ပါးသော အနက်ကိုဟော၏။ အညတြ,အညတမသဒ္ဒါတို့သည် အမြဲမမှတ်သားအပ်သော အနက်ကို ဟော,၏။

## မနောဂဏာဒီတော သွိ နာန မိအာ

**မေး။** ပုရိသာဒိဂိုဏ်းမှထူးသော မနောဂဏာဒိဂိုဏ်း၏ ရုပ်ထူးရှိသော ဝိဘတ်များကို ထုတ်ပြပါ။

**ဖြေ။** နာ ,သ ,သ္မိ ဝိဘတ်တို့၌ ရုပ်ထူးများရှိပါသည်။

**မေး။** မနောဂဏာဒိ၌ အာဒိအရကို ရေးခဲ့ပါ။

**ဖြေ။** အာဒိအရ ဗိလ, ပဒ စသောသဒ္ဒါတို့ကို ယူရပါသည်။

## တေသမော လောပေ

**မေး။** ဤသုတ်ပါ မနောဂဏာဒိ၌ အာဒိသဒ္ဒါ၏အကျိုးနှင့် ဝါသဒ္ဒါ၏ အကျိုးကို ရေးခဲ့ပါ။

**ဖြေ။** အာဒိသဒ္ဒါဖြင့် အာပေါဓာတု, ဝါယောဓာတုသဒ္ဒါတို့၏အစိတ်သရကို ဩပြုရခြင်းအကျိုးရှိပါသည်။

ဝါသဒ္ဒါဖြင့် မနမတ္တေန, မနစ္ဆဋ္ဌနံစသောပြယုဂ်တို့၌ အစိတ်သရကို ဩမပြုရခြင်းအကျိုးရှိပါသည်။

*************

http://www.dhammadownload.com



## သ သရေ ဝါဂမော

**မေး။** ဤသုတ်၌ ဝါသဒ္ဒါ၏အနက်နှင့် ၄င်းဝါသဒ္ဒါဖြင့် သတ်မှတ်ပြသော အစီအရင်တို့ကိုလည်း ရေးခဲ့ပါ။

**ဖြေ။** ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထိုဝါသဒ္ဒါဖြင့် မာနသိကံ, စေတသိကံစသည်တို့၌ နိစ္စဝိဓိကို၄င်း၊ မနသာ, မနေနစသည်တို့၌ အနိစ္စဝိဓိကို၄င်း၊ မနော, မနာ, မနံ စသည်တို့၌ အသန္တဝိဓိကို၄င်း၊ ပိုင်းခြားသတ်မှတ်ပြပါသည်။

## သန္တသဒ္ဒဿ သော ဘေ မော စန္တေ

**မေး။** စသဒ္ဒါ၏ အကျိုးကို ရေးပါ။

**ဖြေ။** စသဒ္ဒါဖြင့် ဘ–အက္ခရာမှအခြားသော အက္ခရာနောင်းရာ၌လည်း သမာသ်ဝယ် အချို့ သ–ပြုရခြင်းအကျိုးရှိပါသည်။

## သျာစ

လိုက်လာသော ဗြဟ္မတ္တသခရာဇာဒိတောင်၌ အာဒိအရ အာတုမ စသောသဒ္ဒါကို ယူရပါသည်။

## သို့ မေ

**မေး။** သွာသို့ နံဝါသုတ်ဖြင့် သို့ ဝိဘတ်ကို ဧ–ပြုလျှင် ပြီးနိုင်ပါလျက် အဘယ်အကျိုးငှါ ဤသုတ်ကို ဆိုရပါသနည်း။

**ဖြေ။** သခသဒ္ဒါနောင် သို့ ဝိဘတ်ကို အမြဲ ဧ–ပြုရမည်ဟူသော နိစ္စဝိဓိကို ပြခြင်းအကျိုးငှါ ဤသုတ်ကိုဆိုရပါသည်။

**************

http://www.dhammadownload.com.



## မြဟ္မတော ဂဿ စ

စသဒ္ဒါသည် သို့မေသုတ်မှ ဧ–ကိုငင်ခြင်းအကျိုးရှိပါသည်။

## မြဟ္မတော တု သို့ နိ

**မေး။** တုသဒ္ဒါ၏ အကျိုးကို ရေးပါ။

**ဖြေ။** တုသဒ္ဒါဖြင့် ကမ္မ,စမ္မ,မုဒ္ဒစသော သဒ္ဒါတို့မှနောက်၌ သို့ ဝိဘတ်ကို အချို့ နိပြုရခြင်းအကျိုးရှိပါသည်။

## ဥတ္တံ့ သနာသု

**မေး။** ဥ သနာသု ဟုဆိုက ပြီးနိုင်ပါလျက် ဥတ္တံ့ ဟု တ္တပစ္စည်းထည့်ဆိုရခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

**ဖြေ။** ဥတ္တံ့ဟူသော ဘာဝနိဒ္ဒေသဖြင့် အချို့သောအရာ၌ ဥ–အပြုမရှိခြင်းကို ပြုရခြင်းအကျိုးရှိပါသည်။

***(မှတ်ချက်)*** ဤသုတ်၌ ဥတ္တံ့ဟူသော ယောဂဝိဘာဂဖြင့် သဝိဘတ်,နာဝိဘတ်မှတစ်ပါး အခြားသောဝိဘတ်ကြောင့်လည်း ဥ–ပြုနိုင်၏။

## အညေဿာရတ္တံ့

**မေး။** အညေဿာရံမျှသာမဆိုဘဲ အညေဿာရတ္တံ့ဟု ဘာဝနိဒ္ဒေသဖြင့် ဆိုခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

**ဖြေ။** အာရတ္တံ့ဟူသော ဘာဝနိဒ္ဒေသဖြင့် အချို့ဝိဘတ်နောင်းရာ၌ အာရ အပြုမငြိခြင်းကို ညွှန်ပြခြင်း,သိစေခြင်းအကျိုးရှိပါသည်။

**************

http://www.dhammadownload.com



## သဏ္ဍာနဓာတု

**မေး။** သဏ္ဍာသဒ္ဒါအလိုက်ခံလျှင် ပြီးနိုင်လျက် ထပ်ဆိုခြင်းအကျိုးကို ရေးပါ။

**ဖြေ။** သဏ္ဍာသဒ္ဒါ၏အစိတ် ဥ–ကို အမြဲ အ–ပြုရခြင်းအကျိုးရှိပါသည်။

## ဥ သသ္မိ သလောပေါစ

**မေး။** ဤသုတ်ဖြင့် ဥ–ကို ဥ–ထပ်ပြုခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

**ဖြေ။** သဏ္ဍာဟူသောပြယုဂ်၌ အညေသွာရဏ္ဍာသုတ်ဖြင့် အာရအပြုကို တားမြစ်ခြင်း အကျိုးရှိပါသည်။

*(မှတ်ချက်)* ဤသုတ်သည် အညေသွာရဏ္ဍာသုတ်ကို တားမြစ်သောသုတ် ဖြစ်၏ဟု ဆိုလိုပါသည်။

**မေး။** သဏ္ဍာသ ,သဏ္ဍာနော ဟူသောပြယုဂ်တို့၌ ဤသုတ်ဖြင့် ဥ–လည်း မပြု, သ–လည်းမချေဘဲ အဘယ်ကြောင့် အာရမပြုနိုင်ပါသနည်း။

**ဖြေ။** အာရဏ္ဍာ ဟူသောဘာဝနိဒ္ဒေသကြောင့် အာရမပြုဘဲ ပြီးရပါသည်။

**မေး။** သဏ္ဍာပိတာဒီနမာ သိသ္မိ သိလောပေါစသုတ်မှ သဏ္ဍာပိတုသဒ္ဒါ လိုက်လာပါလျက် အဘယ်အကျိုးငှါ ဤသုတ်၌ သဏ္ဍာသဒ္ဒါကို ထပ်ဆို ရပါသနည်း။

**ဖြေ။** သဏ္ဍာသဒ္ဒါ၏ ဥ–ကို အမြဲ အ–ပြုရမည်ဟုသိစေခြင်းအကျိုးရှိ ပါသည်။

**************

http://www.dhammadownload.com



## သက္ကမန္တာတာဒီနဥ္

**မေး။** ဥသသွိ သလောပေါစသုတ်နှင့် အစီအရင်ခြင်းတူပါလျက် ဤသုတ်ကို ထပ်ဆိုခြင်းအကျိုးကို ရေးပါ။

**ဖြေ။** သက္ကမန္တာတု ပုဒ်၌ အစိတ်ဥကို သဝိဘတ်ကြောင့် အမြဲစီရင်ရခြင်း အကျိုးရှိပါသည်။

## တတော ယောနမောတုံ

**မေး။** ဤသုတ်၌ တုသဒ္ဒါ၏အကျိုးကို ရေးခဲ့ပါ။

**ဖြေ။** တုသဒ္ဒါဖြင့် အာရအပြုမှတစ်ပါးကုန်သော စတု,ဥဘ,နဒီ,ဂေါ စသောသဒ္ဒါတို့မှနောက်ဖြစ်သော ယောဝိဘတ်ကိုကို ဩပြုရခြင်း အကျိုးရှိပါသည်။

## တတော သ္မိမိ

**မေး။** တတော ယောနမောတုသုတ်မှ တတောသဒ္ဒါအလိုက်ခံ၍ "သ္မိမိ " ဟုသာ သုတ်တည်လျှင်ပြီးနိုင်ပါလျက် တတောသဒ္ဒါထပ်ဆိုရခြင်း ထပ်ဆိုရခြင်းအကျိုးကို ရေးပါ။

**ဖြေ။** တတောသဒ္ဒါဖြင့် အာရအပြုမှတစ်ပါး အခြားသောသဒ္ဒါနောက်၌လည်း သ္မိ ဝိဘတ်ကို ဣပြုရခြင်းအကျိုးရှိပါသည်။

## ပိတာဒီန မသိမို

**မေး။** သိဝိဘတ်ကြောင့် ပင်ကိုယ်ကပင် အာရအပြုမရှိပါဘဲလျက် ဤသုတ်၌ အသိမိုဟုဆိုခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

**ဖြေ။** အနက်တစ်မျိုးကို သိစေရခြင်းအကျိုးရှိပါသည်၊ ထိုအသိမိုသဒ္ဒါပိုဖြင့် တောပစ္စည်းစသည်တို့ကြောင့် ပိတုစသောသဒ္ဒါတို့၏ အဆုံးသရကို

http://www.dhammadownload.com



